# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**

**ထုထည်ကြီးမား စုစည်းအားဖြင့် ငြိမ်းချမ်းရေးဆီရှေးရှုစို့ . . .** ဆောင်းပါး စာ ၆

**ထိန်းသိမ်းကာကွယ် သစ်ပင်သစ်တောပြန်းတီးမှုအန္တရာယ်** ဆောင်းပါး စာ ၂၀

# နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအား မြှင့်တင်ရန် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အရေး (၃) ပါးသည် ပြည်ထောင်စုမြန်မာနိုင်ငံကြီး ထာဝရတည်ရှိမြဲမြံစေရန် လိုအပ်သော အမျိုးသားအကျိုးစီးပွားပင်ဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် မိမိတို့ နိုင်ငံနှင့်သက်ဆိုင်သည့် အမျိုးသားအကျိုးစီးပွားတို့ ကိုယ်စီရှိကြပြီး အမျိုးသားအကျိုးစီးပွားထက် အရေးကြီးသည့် အရေးအရာသည် မရှိ။ အမျိုးသားအကျိုးစီးပွားထက် အရေးပါသည့်လုပ်ငန်းစဉ်သည်လည်း မရှိ။ အမျိုးသားအကျိုးစီးပွားနှင့် သက်ဆိုင်လာလျှင် နိုင်ငံသားတိုင်း ရှောင်လွှဲ၍မရ။ အသက်၊ သွေး၊ ချွေးတို့ ပေးဆပ်ကာ အမျိုးသားရေးတာဝန်အဖြစ် ကျေပွန်စွာ ပါဝင်ထမ်းဆောင်ကြရသည်သာ။

မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သော ဒို့တာဝန်အရေး(၃)ပါးသည် အဓိကအနှစ်သာရအားဖြင့် စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသူများအားလုံး စည်းလုံးညီညွတ်ရေး၊ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးတို့ စည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်သည်။ တစ်ခဲနက်သော စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်ကို မိမိတို့၏ ဘိုးဘွားများက တည်ဆောက်ခဲ့ကြသလို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြရသည်။ ယခုလည်း နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများက နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား တစ်နည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ တည်ငြိမ်အေးချမ်းမှု၊ မြဲမြံခိုင်ခံ့စွာ တည်ရှိမှုတို့ကို ထိပါးလျက်ရှိနေပြီဖြစ်သည်။

ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒနှင့် အစွန်းရောက်လူမျိုးရေးစိတ်ဓာတ်လှုံ့ဆော်သွတ်သွင်းမှုများ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မုန်းတီးစိတ် ဝင်လာစေရန် ဝါဒဖြန့်မှုများနှင့် လုပ်ကြံဖန်တီးမှုများ၊ လက်နက်အားကိုးဖြင့် ဒေသအလိုက် ဗိုလ်ကျကြီးစိုး ကိုယ်ကျိုးရှာမှုများ၊ ဘာသာ သာသနာယဉ်ကျေးမှုများကို နှိမ့်ချဖျက်ဆီးစော်ကားမှုများ စသည်ဖြင့် ပြည်တွင်းဒေသအများအပြားတွင် ဖြစ်ပေါ်နေသော အခြေအနေများက နိုင်ငံတော်ပြိုကွဲပျက်စီးစေမည့် လမ်းကြောင်းဆီသို့ တွန်းပို့လျက်ရှိသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အကြမ်းဖက်အဖျက်သမားပေါင်းစုံတို့က ရည်ရွယ်ချက်ကိုယ်စီ၊ အကျိုးစီးပွားကိုယ်စီဖြင့် နိုင်ငံကိုတစ်စစီဖြစ်အောင် ထုခွဲဖျက်ဆီးနေကြခြင်းပင်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေး(၃)ပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်ကိုကာကွယ်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်ရန်အခြေအနေများ ဖြစ်ပေါ်နေခြင်းလည်း ဖြစ်သည်။

ပြည်သူလူထု၏ ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရန် ဦးစွာလိုအပ်ချက်မှာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးဖြစ်သည်။ တစ်ဖန်ပစ္စုပ္ပန်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ပြည်တွင်းအကြမ်းဖက်လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေအရပ်ရပ်တို့အရ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ရန် လိုအပ်လာပြီဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြရန်နှင့် အားပေးထောက်ပံ့ ကူညီပံ့ပိုးကြရန် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပရာ စစ်ရေးပြတပ်ခွဲမှ စစ်ကြောင်းများဖြင့် ချီတက်နေရာယူပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင် ကို အလေးပြု၍ အခမ်းအနား တက်ရောက် လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့မှ နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုစစ်ကြောင်းမှ သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ပြည်နယ် ဝန်ကြီးချုပ်က ဖတ်ကြား၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။



**မောင်မောင်သန်း**

**(ပြန်/ဆက်)**

## လုပ်ငန်းအတွေ့အကြုံမရှိသူ လူငယ်များအနေဖြင့် စီးပွားစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို အခမဲ့တက်ရောက်ခွင့်ရမည့်အပြင် မြန်မာ့ခရီးသွားဘဏ်တွင်ပါ အလုပ်လုပ်ကိုင်ခွင့် ရရှိနိုင်မည့်အစီအစဉ်ကို ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လုပ်ငန်းခွင် အတွေ့အကြုံမရှိသူ လူငယ်များအနေဖြင့် စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို အခမဲ့တက်ရောက်ခွင့်ရမည့်အပြင် မြန်မာ့ခရီးသွား ဘဏ်တွင်ပါ အလုပ်လုပ်ကိုင်ခွင့်ရရှိနိုင်မည့် အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ် ကြောင်း Kudos To You Professional Development Academy မှ Chief Trainer and Founder ဦးကောင်းငြိမ်းစိုးက ပြောသည်။

ထိုသို့ ဆောင်ရွက်ရန်အတွက် မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများနှင့် Kudos To You Professional Development Academy တို့ကြား MOU လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းလည်း သိရကာ ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုနယ်ပယ်တွင် အလုပ်လုပ်ကိုင်လိုသူများအတွက် လိုအပ်သည့် အခြေခံကျွမ်းကျင်မှုများ၊ လုပ်ငန်းခွင့် အတွေ့အကြုံများကို အခမဲ့သင်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

"အသက်အရွယ်အနေနဲ့က ၁၈ မှ ၂၅ အထိပါ။ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူဖြစ်ရမယ်။ ဒီ Project က တော့ ၂၀၂၄ မှာ ပထမဆုံးပေါ့။ ကျွန်တော်ကိုဗစ်မတိုင်ခင်တုန်းက Followership program က လုပ်ခဲ့ဖူးတယ်။ အခုကျတော့ မြန်မာ့ခရီးသွားဘဏ်အတွက် ဝန်ထမ်းတွေလိုလို့ သူတို့က Sponsor ပေးတာ။ မကြာခင်မှာ ဒီ Program တွေကို ဆက်ပြီးသွားမယ်။ တခြားကုမ္ပဏီတွေအတွက်ပါ လုပ်ပေးပါလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ Kudos To You ၏ Followership သင်တန်းတွင် လုပ်ငန်းခွင်ဝင်ရောက်ရန် လိုအပ်သည့် Sales၊ Marketing နှင့် Service ကို အဓိကထားလေ့ကျင့်ပေးမည်ဖြစ်ပြီး Admin, HR Finance Knowledge များ၊ Ethics and Etiquette ပိုင်းဆိုင်ရာများကိုပါ နာရီ ၄၀ လေ့ကျင့်ပေးသွားမည်ဖြစ်ကာ အလုပ်သင်ကာလအဖြစ် ရက်ပေါင်း ၃၀ တိတိကို မြန်မာ့ခရီးသွားဘဏ်၌ လေ့ကျင့်သင်တန်းဆင်းရမည်ဟု သိရကာ ထူးချွန်သူများကို အဆိုပါဘဏ်က အလုပ်ခန့်ပေးမည် ဖြစ်သည်။

"အတွေ့အကြုံမရှိလို့ အလုပ်မရတာမျိုး မဖြစ်ရအောင် စီစဉ်ပေးတာပါ။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုကောင်းလာတယ်။ သင်တာလည်း တစ်ပတ်လောက်သင်မယ်။ internship ကတစ်လလောက်ဆင်းရမယ်။ ပြီးရင် စာမေးပွဲတွေ စစ်ဦးမှာ။ သေချာစိစစ်ပြီးမှ လွှတ်မှာပါ" ဟု ဦးကောင်းငြိမ်းစိုးက ဆိုသည်။

ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လိုစိတ်ပြင်းပြသည့် သင်ယူလိုစိတ်ရှိသော လူငယ်များ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်ထားသူများအား လူတွေ့စစ်ဆေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ရှေ့ဖုံးမှ

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

## ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့ကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြစဉ်။

## ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

**ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**ဖျော်ဖြေတင်ဆက်**

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စုတေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက "ထာဝရပြည်ထောင်စု" တေးသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## လက်ပံတန်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**လက်ပံတန်း ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများ၏ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဦးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ အလယ်တန်းအဆင့် ခုနစ်ဦး၊ မူလတန်းအဆင့် ၁၂ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **မြို့နယ်(ပြန်/ဆက်)**







(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

◆ ကျောဖုံးမှ

တိုင်းရင်းသားပြည်သူ အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝ ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွလက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေးဟူသည့် အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**အလံတင်အခမ်းအနား ကျင်းပ**

ဦးစွာ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**အလေးပြုခြင်း ခံယူ**

နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့ကနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဟားခါးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားနှင့် တော်လှန်ရေးပန်းခြံဖွင့်ပွဲ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၁၂**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံ အလေးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဖတ်ကြားပြီး(ယာပုံ) ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ထို့နောက် နံနက် ၈ နာရီခွဲတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်ရှိ တော်လှန်ရေးပန်းခြံ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းတို့က တော်လှန်ရေးပန်းခြံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က သန်လျင်မြို့ အထက(၁) ရတနာရှင်းသန့်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့် ၂၀၂၄ ခုနှစ်အတွက် လူရည်ချွန်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

သန်းဝင်း(သန်လျင်)

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် ဝန်ထမ်းများ နိုင်ငံတော်အလံ လွှင့်တင်အလေးပြုစဉ်။

မွန်မလေး (ပြန်/ဆက်)



# ထုထည်ကြီးမား စုစည်းအားဖြင့် ငြိမ်းချမ်းရေးဆီရှေးရှုစို့ . . .

မိုးမြင့်

**အခြေအနေနဲ့ အချိန်အခါအရတော့ သင့်တော်မယ်ထင်ပါတယ်။ ငြိမ်းချမ်းတယ်ဆိုတာမရှိတဲ့ အနိဋ္ဌာရုံများနဲ့ ကမ္ဘာကြီးထဲရောက်နေတာဖြစ်တဲ့အတွက်... တစ်နေရာကတစ်နေရာ စစ်ခင်းရတာ လွယ်နေတဲ့ခေတ်ကြီး၊ ဘယ်နေရာကြည့်ကြည့် နေရာလုပွဲချည်း၊ အကျိုးစီးပွား အပြိုင်အဆိုင်ခေတ်ကြီး၊ ကိုယ်ဦးကိုယ်ချ၊ သူဦးသူချ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးပါမချန် အင်အားနည်းသူကို ဖျက်ဆီးဖို့ ဝန်မလေး၊ ချနင်းခံရတဲ့ခေတ်ကြီးမှာ အင်အားကသာ အခရာဖြစ်နေတာ မဆန်းပါ။ ဒါကြောင့် အင်အားကိုတည်ဆောက်ရလိမ့်မယ်။**

စီးပွားရေး၊ နိုင်ငံရေးလည်းပါပေမယ့် ကာကွယ်ရေးအင်အားကသာ ဒီအချိန်မှာ အဓိက ဖြစ်နေတယ်။ ကမ္ဘာ့အခြေအနေက UN ရော UNSC ပါ မြောင်းထဲရောက်နေတဲ့အခြေအနေမှာ ခွင့်မပြုလည်းဝင်တိုက်၊ ခွင့်ပြုလည်းဝင်တိုက်နေတဲ့ ကိုယ်ကျိုးစီးပွားသာ ရှေ့တန်းတင်နေတဲ့ခေတ်၊ ကမ္ဘာကြီးကိုစိုးမိုးဖို့၊ ဒေသတွင်း လွှမ်းမိုးနိုင်ရေးကသာ အဓိကဖြစ်လာနေကြပြီ။ နိုင်ငံရေးကို စစ်ရေးနည်းနဲ့ အဖြေရှာလာပြီး အကြမ်းဖက်ခြင်းကို ထွက်ပေါက်အဖြစ် ယနေ့အနိဋ္ဌာရုံအားလုံးရဲ့အရင်းအမြစ်ကို မြင်တတ်ပြီဆိုရင်... အားကိုးစရာဆိုလို့ ကိုယ့်အင်အား၊ ကိုယ့်ပြည်တွင်းအင်အားကသာ ကြိုတင်ပြင်ဆင်ထားဖို့ အဓိကဖြစ်လာပါလိမ့်မယ်။

## အားလုံးမှာ တာဝန်ရှိနေ

ကမ္ဘာ့အချို့နိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေတစ်ရပ်က စတင်အာဏာတည်ခဲ့ပါပြီ။ ယခုမှ အသစ်ပြဋ္ဌာန်းခြင်းမဟုတ်၊ ၁၉၅၉ ခုနှစ်ကတည်းက ရှိခဲ့ပြီး ပြည်သူ့စစ်မှုထမ်းအက်ဥပဒေအရလည်းကောင်း၊ ထို ၁၉၅၉ ခုနှစ်ဥပဒေကိုပဲ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ထပ်မံပြင်ဆင်အတည်ပြုခဲ့ပြီးသား ပြည်သူ့စစ်မှုထမ်းဥပဒေသာဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့ပြည်သူတွေဟာ နိုင်ငံကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ဟာ စစ်သားနဲ့ဆိုင်တဲ့ စစ်သားအလုပ်ပဲလို့ ယူဆခဲ့ကြတယ်။ အမှန်စစ်သားက အဓိကဆိုပေမယ့် နိုင်ငံတစ်ဝန်းက ပြည်သူလူထုတစ်ရပ်လုံးမှာလည်း တာဝန်ရှိပါတယ်။ နိုင်ငံမလုံခြုံရင် နိုင်ငံတွင်းက ပြည်သူလည်း ဘယ်လုံခြုံနိုင်ပါ့မလဲ။

ကျူးကျော်စော်ကားသူဆိုတာ တပ်မတော်သားတင်မက အရပ်သားပြည်သူကိုလည်း ငဲ့ညှာနေမှာမဟုတ်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် ညှာတာမှုမရှိကြတာ၊ ပြည်သူတွေ ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာ၊ သာသနာကိုလည်း ဖျက်ဆီးနေကြတာပဲလေ။ တပ်မတော်ကြီးပြိုပျက်ရင် နိုင်ငံလည်းပျက်၊ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်လည်း ဆုံးရှုံးကြမှာဖြစ်ပါတယ်။ ဒီနိုင်ငံကြီး လုံခြုံရေးဟာ ကျွန်တော်တို့အားလုံးရဲ့ လုံခြုံရေးပါပဲ၊ ထပ်တူထပ်မျှကျပါတယ်။

**☆ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ရင် လိုအပ်သလို စစ်မှုထမ်းဆောင်ခြင်းဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်၊ နိုင်ငံသားနဲ့ အချုပ်အခြာဟာ ကွဲပြားခြင်းမရှိပါဘူး။ အချုပ်အခြာကာကွယ်ဖို့ နိုင်ငံသားတိုင်းဟာ စစ်ပညာသင်ကြားရန် တာဝန်ရှိပြီးဖြစ်သလို နိုင်ငံတော်ရဲ့ လုံခြုံရေး ပြည်တွင်းပြည်ပအန္တရာယ်တွေကနေ ကာကွယ်ဖို့ ပြည်သူတစ်ရပ်လုံး ပါဝင်ပြီး ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးဖို့ စီမံဆောင်ရွက်ရန်မှာလည်း တပ်မတော်ကပဲ ဦးဆောင်တာဝန်ယူရမှာဖြစ်ပါတယ်။ ဒီအချက်တွေအားလုံးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာ တွေ့ရမှာဖြစ်ပါတယ်။**

## ငြိမ်းချမ်းရေးကို ရှေးရှု၍သာ

ကျွန်တော်တို့အားလုံး စစ်ကိုမုန်းလို့ စစ်တိုက်နေကြရတယ်။ ငြိမ်းချမ်းရေးရချင်လွန်းလို့ စစ်မတိုက်ချင်ဘဲ တိုက်နေကြရတယ်။ ယခုအချိန်မှာ ကမ္ဘာကြီးမငြိမ်းချမ်းသလို နိုင်ငံတွင်း ဒေသအချို့မှာလည်း မအေးချမ်းလှပါဘူး။ ငြိမ်းချမ်းရေးနဲ့ အဖျက်မှာ အဖျက်ကသာ ပိုအားကောင်းနေတယ်။ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားတွေ စည်းစည်းလုံးလုံးမရှိအောင်နဲ့ အချုပ်အခြာကျိုးပွဲမယ့် အသက်တမျှ အန္တရာယ်တွေကို ဟန့်တားလို့ ရမယ့်အခြေအနေဟာ ယနေ့ပြည်သူ့စစ်မှုထမ်းခြင်းနဲ့ ပြည်သူ့စစ်မဟာဗျူဟာတစ်ရပ် ကျင့်သုံးခြင်းပါပဲ။ ရန်သူဟာ ပြည်သူပါဝင်လာမှုကို ကြောက်တဲ့အတွက် ပြည်သူ့စွမ်းအားနဲ့ ပေါင်းစပ်ပြီး စစ်ကိုဟန့်တားနိုင်ဖို့လိုလာပါတယ်။ ပြည်သူ့စစ် မဟာဗျူဟာဟာ ပြည်တွင်းရန်သာမက ပြည်ပရန်အတွက်ပါ ရည်ရွယ်တဲ့အတွက်လည်း မြန်မာ့မြေနဲ့ မြန်မာပြည်သူအပေါ် စစ်မက်ဖက်ပြိုင်သူများရဲ့ ယှဉ်ပြိုင်လိုစိတ်ကိုပါ ဟန့်တားပြီးဖြစ်ပါလိမ့်မယ်။ သက်ရောက်မှုကတော့ ပြည်သူတွေပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းခြင်းကတစ်ဆင့် ပြည်သူတွေလိုချင်တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုခြင်းပါပဲ။

## ကောင်းမွန်သော စစ်ဘက်အရပ်ဘက် ဆက်ဆံရေးသို့ဆီ

ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းစနစ်မှာ နိုင်ငံရဲ့အင်အားဟာ အမြဲတမ်းတပ်မတော်တစ်ခုတည်းမှာ အဓိက တည်မှီခြင်းရှိတော့မှာမဟုတ်ပါဘူး။ နိုင်ငံအင်အား အရင်းအမြစ်အနေနဲ့ တပ်မတော်နဲ့ပြည်သူဟာ ဟန်ချက်ညီညီနဲ့ လက်တွဲပါဝင်လာမှာဖြစ်တဲ့အတွက် အေးစက်နေတဲ့ စစ်ဘက် အရပ်ဘက်ဆက်ဆံရေးဟာ ပြန်လည်အားကောင်းလာမယ်လို့ ယူဆပါတယ်။ ယခင်က ပြည်သူတွေဟာ စစ်ဘက်ကအာဏာသိမ်းတာ မကြိုက်ခဲ့သလို စစ်ဘက်လွှမ်းမိုးမှုကိုလည်း မကြည်ဖြူခဲ့ပါဘူး။ စစ်ဘက်နဲ့ အရပ်ဘက်ကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ စာနာမှုတွေမှာ အားနည်းမှုတွေရှိခဲ့ကြတယ်။ စစ်ရေးစစ်ရာနဲ့နိုင်ငံလုံခြုံရေးမှာ ပြည်သူတွေ ပါဝင်လာတဲ့တစ်နေ့ တပ်အပေါ်ပြည်သူ့ဘက်က ခံစားချက်၊ ပြည်သူ့အပေါ်တပ်ဘက်က ခံစားပေးမှုတွေမှာ အပြန်အလှန် ကိုယ်ချင်းစာမှုတွေနဲ့အတူ နီးစပ်မှုရှိလာကြမယ်လို့ ထင်ပါတယ်။

ဒီအချက်ဟာ ပြည်သူ့စစ်မှုထမ်းခြင်းရဲ့ ရလဒ်တစ်ခုအဖြစ် စစ်ဘက်နဲ့အရပ်ဘက်၊ တပ်နဲ့ပြည်သူအကြား၊ တပ်နဲ့တိုင်းရင်းသားတွေအကြား အဓိပ္ပာယ်ရှိရှိ ချောမွေ့လာမယ့်ဆက်ဆံရေးကို မြင်ရတော့မယ့် လက္ခဏာတွေပါပဲ။ ထိုမှတစ်ဆင့် ကောင်းမွန်တဲ့ စစ်ဘက် အရပ်ဘက် ဆက်ဆံရေးကနေ အမျိုးသားရင်ကြားစေ့ရေး၊ ထိုမှတစ်ဖန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကနေ လိုချင်တဲ့ ပြည်ထောင်စုစိတ်ဓာတ်အထိ အဓိပ္ပာယ်ရှိတဲ့ ရလဒ်ကောင်းတွေ မျှော်လင့်လို့ရနိုင်ပြီလို့ ယူဆမိပါတယ်။

## ဘဝမှာအသုံးဝင်လာမယ့် ကျွမ်းကျင်မှု ဗဟုသုတနဲ့ အတွေ့အကြုံဆိုတာ...

နောက်ထပ်အကျိုးကျေးဇူးတစ်ခုက ပြည်သူတွေဟာ မိမိတို့ကျွမ်းကျင်ရာအလိုက် နိုင်ငံအပေါ် ပေးဆပ်ခွင့်ရခြင်းပါပဲ။ တိုက်ခိုက်ရေးဝါသနာပါသူက တိုက်ခိုက်ရေးဘက်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှု၊ ဆေး၊ ကျောင်းဆရာ၊ ဖြေဖျော်ရေးအတွက် အနုပညာစတဲ့ မိမိကျွမ်းကျင်ရာအလိုက် နယ်ပယ်စုံမှာ တာဝန်ထမ်းဆောင်ခွင့်ရကြပါလိမ့်မယ်။ ရန်သူပတ်လည်ဝန်းရံနေတဲ့ ပတ်ဝန်းကျင်မှာ မိမိတို့အပေါ် စော်ကားလာတဲ့အခါ၊ မိသားစုအပေါ် ရန်ပြုလာတဲ့အခါ၊ မိမိရပ်ရွာလူမျိုးအပေါ် ကျူးကျော်လာတဲ့အခါ ဘာမှမတုံ့ပြန်တတ်၊ ဘာတစ်ခုမှ ပြန်မခုခံနိုင်တဲ့ အခြေအနေတွေကို ကျော်လွှားနိုင်တော့မှာပါ။

ရန်သူ့ရှေ့လည်စင်းခံပြီး ကာကွယ်ခုခံနိုင်မှုမရှိခြင်းဟာ လူ့အခွင့်အရေးတစ်ရပ် ဆုံးရှုံးခြင်းတစ်မျိုးပါပဲ။ ဒီအဖြေကို ပြည်သူ့စစ်မှုထမ်းခြင်းကသာ ပေးစွမ်းပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာကို ကာကွယ်မှုပေးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ စွမ်းရည်ဟာ ဘာနဲ့မှလဲလို့မရတဲ့ တန်ဖိုးတစ်ခုပါ။ ဒီလိုအခွင့်အရေးမျိုးမှာ မိမိဘက်က အသက်အရွယ်ရဲ့ ကောင်းခြင်းနဲ့ ကျန်းမာရေးကောင်းပြီး စိတ်ခွန်အား၊ ရုပ်ခွန်အားပြည့်စုံနေတဲ့ အခြေအနေမှသာ ရယူနိုင်တာမျိုးပါ။ မကျန်းမာသူ၊ ချို့ယွင်းချက်ရှိနေသူတွေမှာ ထမ်းဆောင်ခွင့်မရှိပါဘူး။ စစ်မှုထမ်းကာလ နှစ်နှစ်၊ သုံးနှစ်ဟာ တကယ်တော့လည်း ဘာမှမကြာလှပါဘူး။ ဒီကာလတစ်ခုအတွင်း ရရှိလိုက်တဲ့ လက်နက်မျိုးစုံကို စနစ်တကျကိုင်တွယ်

*စာမျက်နှာ ၇ သို့*

**ရန်သူဟာ ပြည်သူပါဝင်လာမှုကို ကြောက်တဲ့အတွက် ပြည်သူ့စွမ်းအားနဲ့ ပေါင်းစပ်ပြီး စစ်ကိုဟန့်တားနိုင်ဖို့ လိုလာပါတယ်။ ပြည်သူ့စစ် မဟာဗျူဟာဟာ ပြည်တွင်းရန်သာမက ပြည်ပရန်အတွက်ပါ ရည်ရွယ်တဲ့အတွက်လည်း မြန်မာ့မြေနဲ့ မြန်မာပြည်သူအပေါ် စစ်မက်ဖက်ပြိုင်သူများရဲ့ ယှဉ်ပြိုင်လိုစိတ်ကိုပါ ဟန့်တားပြီးဖြစ်ပါလိမ့်မယ်။ သက်ရောက်မှုကတော့ ပြည်သူတွေပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းခြင်းကတစ်ဆင့် ပြည်သူတွေလိုချင်တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုခြင်းပါပဲ**

*စာမျက်နှာ ၆ မှ*

ပစ်ခတ်ပုံနဲ့တကွ ရန်သူကြားမှာ ဘယ်လိုအသက်ရှင်သန်ရပ်တည်နိုင်စွမ်းနဲ့ စစ်အတတ်ပညာရပ်ပေါင်းစုံဟာ တန်ဖိုးရှိသလို ရုပ်ပိုင်းဆိုင်ရာခွန်အားတွေအပေါ်မှာ ထပ်ဆင့်ပြောင်းလဲလာတဲ့ခံယူချက်တွေဖြစ်တဲ့ ရဲဘော်ရဲဘက်စိတ်၊ ဇာတိမာန်စိတ်နဲ့ အမျိုးသားရေးစိတ်ဓာတ်တွေဟာလည်း နိုင်ငံသားကောင်းတစ်ယောက်မှာလိုအပ်နေတဲ့ စိတ်ဓာတ်ကောင်းတွေပါပဲ။

ခဏတာ စစ်မှုထမ်းဆောင်ခိုက်မှာ ရိုးရိုးအရပ်သားဘဝမှာ မရနိုင်တဲ့အတွေ့အကြုံတွေ၊ ဗဟုသုတနဲ့ ကျွမ်းကျင်မှုတွေဟာ အလွန်တန်ဖိုးရှိမှာပါ။ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအတွေ့အကြုံ၊ အချိန်နဲ့အကွာအဝေးတွက်ချက်နိုင်စွမ်းလို အတွေ့အကြုံတွေ၊ အပင်ပန်းခံနိုင်မှု၊ ရောင့်ရဲသည်းခံနိုင်မှု၊ မလျှော့တဲ့ဇွဲလုံ့လနဲ့တာဝန်ကို ပြီးဆုံးအောင်ထမ်းဆောင်တတ်လာမယ့် သန္နိဋ္ဌာန်တွေ ဒါတွေက စစ်မှုထမ်းဆောင်ပြီး နောင်လျှောက်လှမ်းမယ့် မိမိတို့ဘဝလမ်းခရီးအတွက် အသုံးဝင်အထောက်အကူပြုမယ့် အကျိုးတရားတွေပါပဲ။

### အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ကမ္ဘာနဲ့မြန်မာမှာ

နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ရင်လိုအပ်သလို စစ်မှုထမ်းဆောင်ခြင်းဟာ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်၊ နိုင်ငံသားနဲ့ အချုပ်အခြာဟာ ကွဲပြားခြင်းမရှိပါဘူး။ အချုပ်အခြာကာကွယ်ဖို့ နိုင်ငံသားတိုင်းဟာ စစ်ပညာသင်ကြားရန် တာဝန်ရှိပြီးဖြစ်သလို နိုင်ငံတော်ရဲ့လုံခြုံရေးပြည်တွင်းပြည်ပ အန္တရာယ်တွေကနေ ကာကွယ်ဖို့ ပြည်သူတစ်ရပ်လုံးပါဝင်ပြီး ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးဖို့ စီမံဆောင်ရွက်ရန်မှာလည်း တပ်မတော်ကပဲ ဦးဆောင်တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေအားလုံးကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှာ တွေ့ရမှာဖြစ်ပါတယ်။

◆ **နိုင်ငံတော်အနေနဲ့ စစ်မှုထမ်းဥပဒေကို စတင်အသက်ဝင်ဖို့ ကြိုးစားမှုတိုင်းမှာ အဆင့်များစွာ ကျော်ဖြတ်ရမှာဖြစ်သလို အပြောင်းအလဲတိုင်းမှာ ယှဉ်တွဲပါလာတတ်တဲ့ စိန်ခေါ်မှုများအတွက်လည်း ဖြေရှင်းဖို့အချက်တွေရှိနေမှာ ဖြစ်ပါတယ်။ စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းရမယ့် အခြေအနေတွေ။ ပြဋ္ဌာန်းချက်များနဲ့အညီ ကောက်ယူရမယ့် စာရင်းအချက်အလက်တွေ များစွာရှိနိုင်**

ကမ္ဘာ့နိုင်ငံအတော်များများမှာလည်း ထို့အတူပါပဲ။ လိုအပ်ချက်အရ ပြည်သူတွေပါဝင်တဲ့ စစ်မှုထမ်းဆောင်ခြင်းကို ခေါင်းစဉ်အမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြဋ္ဌာန်းကျင့်သုံးနေကြပါတယ်။ လေ့လာမိသလောက်တော့ ကမ္ဘာမှာ စစ်မှုမထမ်းမနေရစနစ်ကျင့်သုံးတဲ့ နိုင်ငံ ၃၄ နိုင်ငံလောက်ရှိပါတယ်။ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူအပါအဝင် အာရှအရှေ့ဖျားက တောင်/မြောက်ကိုရီးယားလို နိုင်ငံတွေ၊ ရုရှားနဲ့ ဒိန်းမတ်၊ နော်ဝေ၊ ဖင်လန်၊ ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်စတဲ့ ဥရောပနိုင်ငံများအထိ ပါဝင်ကြောင်း လေ့လာမိပါတယ်။ ဥပဒေကိုပြဋ္ဌာန်းထားပြီး တာဝန်ထမ်းဆောင်ရခြင်း မရှိသေးတဲ့ နိုင်ငံတွေလည်းရှိသလို ဥပဒေနဲ့အညီ မဖြစ်မနေ စစ်မှုထမ်းနေရတဲ့ နိုင်ငံတွေလည်းရှိတာ တွေ့ရပါတယ်။

တချို့လက်နက်မကိုင်ရတဲ့ နေရာမျိုးမှာသာ တာဝန်ထမ်းဆောင်ခွင့်ပြုတဲ့နိုင်ငံတွေ၊ အပျော်တမ်းတပ်ဖွဲ့ပုံစံ၊ အရန်တပ်ဖွဲ့ပုံသဏ္ဌာန်အစရှိတဲ့ နိုင်ငံတွေလည်းရှိကြောင်း လေ့လာမိပါတယ်။ မြန်မာ့သမိုင်းမှာက စစ်မှုထမ်းဆောင်ဖို့ဆင့်ခေါ်ခြင်းဆိုတာ အထူးအဆန်း တစ်ခုမဟုတ်ပါဘူး။ နိုင်ငံတော်မှာ အရေးပေါ် အခြေအနေကြုံတိုင်း မြို့အလိုက်၊ ရွာအလိုက် ထောင်ပြုရာပြုဆိုပြီး စစ်စည်းရုံးခြင်းဆိုတဲ့ အတွေ့အကြုံများ ရှိပြီးဖြစ်ပါတယ်။ ကူမင်တန်တရုတ်ဖြူပြည်ပကျူးကျော်မှုနဲ့ ပြည်တွင်းသောင်းကျန်းမှုအရှိန်မြင့်တဲ့ အခြေအနေမျိုးတွေမှာ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်းဆုံးကျင့်သုံးခဲ့ပြီး သောင်းကျန်းမှုအပြီးတိုင် ချုပ်ငြိမ်းအောင်မြင်ခဲ့တဲ့ အစဉ်အလာတွေ ရှိထားပြီးဖြစ်ပါတယ်။

### စည်းရုံးရေးဆန်သော ပညာပေးမှုများမှတစ်ဆင့်

နိုင်ငံတော်အနေနဲ့ စစ်မှုထမ်းဥပဒေကို စတင်အသက်ဝင်ဖို့ ကြိုးစားမှုတိုင်းမှာ အဆင့်များစွာ ကျော်ဖြတ်ရမှာဖြစ်သလို အပြောင်းအလဲတိုင်းမှာ ယှဉ်တွဲပါလာတတ်တဲ့ စိန်ခေါ်မှုများအတွက်လည်း ဖြေရှင်းဖို့အချက်တွေရှိနေမှာ ဖြစ်ပါတယ်။ စိစစ်ရွေးချယ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းရမယ့် အခြေအနေတွေ။ ပြဋ္ဌာန်းချက်များနဲ့အညီ ကောက်ယူရမယ့် စာရင်းအချက်အလက်တွေ များစွာရှိနိုင်ပါတယ်။ လောလောဆယ်တော့ သူတစ်လူငါတစ်မင်းနဲ့ ဒုက္ခပေါင်းစုံလက်တွေ့ခံစားနေရတဲ့ နယ်မြေတွေမှာ အရေးပေါ်လိုအပ်ချက်အရ ဒေသခံကာကွယ်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့တွေ အမြန်ဖွဲ့စည်းပေးနေရတဲ့ အခြေအနေတွေကိုလည်း မြင်သိ၊ ကြားသိနေရတယ်။

ဆိုလိုတာက အမြင်အမျိုးမျိုး၊ ဝိဝါဒအမျိုးမျိုးနဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေကတော့ ဘယ်အရေးအရာမှာမဆို ရှိနိုင်တာပါပဲ။ အလွှာပေါင်းစုံပါဝင်လာမယ့် စိန်ခေါ်မှုအချို့ရှိနေတဲ့မူဝါဒတစ်ခုကို အကောင်အထည်ဖော်ရာမှာ စည်းရုံးရေးဆန်တဲ့ပညာပေးမှုများကသာ ပိုပြီးထိရောက်တဲ့ရလဒ်ကောင်းကို ရှာဖွေပေးနိုင်မယ်လို့ယူဆပါတယ်။ အချိန်ယူရမှာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းခြင်းကနေ ထင်ရှားတဲ့အကျိုးကျေးဇူးတွေကို မြင်လာသိလာရင် စည်းရုံးစရာမလိုဘဲ နောက်ကပါလာမယ့် ပြည်သူတွေလည်း အသင့်ရှိနေနိုင်ပါတယ်။

သိရှိထားဖို့က မြန်မာနိုင်ငံက မြန်မာတိုင်းဟာ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် ရှိကြပြီးဖြစ်တယ်။ သွေးမနည်း၊ သတ္တိလည်းမကြောင်ကြပါဘူး။ အထူးသဖြင့် လူငယ်တွေဖြစ်ပါတယ်၊ သူတို့က ကောင်းကောင်းပညာရှာ၊ စီးပွားရှာပြီး နိုင်ငံကို အမြန်ဖွံ့ဖြိုးတိုးတက်စေချင်နေတာ တစ်ခုပါပဲ။ တရားမျှတမှုကို လိုလားပြီး ဒီမိုကရေစီအခွင့်အရေးကို ခံစား စံစားချင်ကြတယ်။ ဒါပေမယ့် သတိပြုဖို့လိုတဲ့အချက်က ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီဟာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ နီးနီးကပ်ကပ် ဆက်စပ်နေတယ်ဆိုတဲ့ အချက်ကိုပါ။

အရင်ဆုံးကိုယ့်ကိုယ်ကိုယ်လုံခြုံအောင် လုပ်နိုင်ဖို့နဲ့ ငြိမ်းချမ်းမှုမရှိရင် ဖွံ့ဖြိုးခြင်းလည်းရှိနိုင်မှာမဟုတ်ဆိုတာတော့ ကြိုတွေးထားရပါမယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးရဲ့ အန္တရာယ်နဲ့တိုးချဲ့လာနေတဲ့ အဖျက်သဘောရန်တွေကို ဟန့်တားနိုင်ဖို့ကြိုးစားနေရခြင်းပဲ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှပဲ ကျွန်တော်တို့ လိုချင်တဲ့စစ်မှန်စည်းကမ်းရှိတဲ့ ဒီမိုကရေစီစနစ်ဆီ သွားနိုင်မယ်မဟုတ်ပါလား…။ ။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယနေ့တွင် ကျရောက်သည့်(၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖတ်ကြားကြသည်။(ယာပုံ)



ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုစသည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် သက်ဆိုင်သည့် ပြခန်းများနှင့် သုတ၊ ရသ၊ စာစောင် ပြခန်းများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကိုလည်းကောင်း တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ လိုက်လံကြည့်ရှု အားပေးကြသည်။



ကသာမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပစဉ်။



ထားဝယ်မြို့၌ ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများတွင် လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားစဉ်။

ထို့ပြင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာ အစားအစာစတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ စစ်တွေမြို့၌ ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်

စစ်တွေ ဖေဖော်ဝါရီ ၁၂

**(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှွေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ မြို့မိ၊ မြို့ဖများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှွေက ဖတ်ကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဒေါ်နုမြဖံတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက်(၂၅) နှစ်အောက် စစ်တုရင်ပြိုင်ပွဲနှင့် အသက်(၂၅)နှစ်အထက် စစ်တုရင်ပြိုင်ပွဲတို့တွင် ဆုရရှိသော အားကစားသမားများကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှွေက အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှွေသည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဦးရဲကျော်သူ ကျောင်းတိုက်နှင့် သကျမုနိသိမ်တော်ကြီး ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေး၍ လက်ရှိ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခများ၏ အခြေအနေ၊ ဒေသတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို လျှောက်ထားကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရှေးဟောင်းသမိုင်းဝင် စကြမုနိဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအတိုင်း နေထိုင်ကြစေလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန်ဖြင့် ထမ်းဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများ၊ လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်သည် အဖွဲ့ဝင်များနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဌေးရိပ်သာ အစည်းအဝေးခန်းမ၌ ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လက်ရှိစစ်တွေမြို့တွင် ဖြစ်ပေါ်နေသော အခြေအနေ၊ ဝန်ထမ်းများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုများကို မိမိတို့အနေဖြင့် သိရှိသင့်သလောက်သိရှိပြီး ဖြစ်ကြောင်း၊ အဖြေတစ်ခုကို ရရှိအောင် နည်းလမ်းရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြဿနာ၏ အခြေအနေများကို ဖြေရှင်းနိုင်သည့်အခြေအနေတစ်ခုကိုရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ မိမိတို့လုပ်ငန်းတာဝန်များ၊ ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ယာယီတိုက်ပွဲရှောင်ဝန်ထမ်းများက လက်နက်ကိုင်ပဋိပက္ခများကြောင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော တက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများ၏ အခြေအနေ၊ ဒေသတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုနှင့် အဝေးသင် ကျောင်းသား ကျောင်းသူများ တက်ရောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှွေက ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကလေးဝမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုသောအားဖြင့် တောင်သူနည်းပညာပေးသင်တန်းဖွင့်

**ကလေးဝ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး သင်တန်းကို ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမျိုးနိုင်က သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးသန်းမြတ်စိုးက လယ်ယာမြေဥပဒေနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေး သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းကြီးက နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် မြေအမျိုးအစားနှင့် မြေပြုပြင်ခြင်း၊ ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းမည့် မျိုးရွေးချယ်ခြင်း၊ စိုက်ချိန်၊ စိုက်စနစ်၊ စိုက်ကြောင်းအတိမ်အနက်၊ သွင်းအားစု ထည့်သွင်းအသုံးပြုခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် စနစ်တကျ ရိတ်သိမ်းခြွေလှေ့ခြင်း စသည်များကို ဆွေးနွေးပြီး သင်တန်းတွင် စိတ်ပါဝင်စားသူ ဒေသခံတောင်သူ ၃၀ နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) သီးနှံစိုက်စွမ်းပိုမိုတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး

ပဲခူး ဖေဖော်ဝါရီ ၁၂

**ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) သီးနှံစိုက်စွမ်း ပိုမိုတိုးတက်စေရေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး Drum Seeder ဖြင့် ဈေးကွက်ဝင်ပြီး အထွက်နှုန်းကောင်းသော ဗီယက်နမ်စပါးမျိုး တိုက်ရိုက်အစေ့ချစိုက်ပျိုးနေမှုအား ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်နည်းစနစ်များ ပြောင်းလဲခြင်းအားဖြင့် သီးနှံအထွက်နှုန်း ပိုမိုတိုးတက်လာခြင်း၊ ရောဂါပိုးမွှားကင်းရှင်းခြင်း၊ တောင်သူများအတွက် တစ်ဧကချင်းစီအလိုက် မိသားစုဝင်ငွေ ပိုမိုတိုးတက်လာနိုင်ခြင်းတို့အား အချိန်တိုအတွင်း ခံစားနိုင်မည်ဖြစ်၍ စနစ်တကျ ကြိုးစားဆောင်ရွက်စေရန်ရည်ရွယ်၍ စံပြစိုက်ခင်း ကွင်းသရုပ်ပြပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးအတွင်း သီးနှံစိုက်စွမ်းအား ပိုမိုတိုးတက်စေရန် မြေလပ်မရှိ စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းပေးနိုင်ရေးတင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် ၉၄ ရာခိုင်နှုန်း ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ တူးကံကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စီးပွားဖြစ် ပန်းဂေါ်ဖီစိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် သဲဖြူကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်သော တန်ဖိုးသင့်လက်ဆွဲကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြပွဲအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာအုပ်စုများအလိုက် တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ စံပြစိုက်ခင်းများထူထောင်ခြင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် သရုပ်ပွဲများ ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ထိုင်းနိုင်ငံထုတ် ပဲမျိုးစုံဆေးဖျန်းစက်အား ကြည့်ရှုခဲ့ကာ ဒေသတွင်း တောင်သူများ တစ်ပိုင်တစ်နိုင် အသုံးပြုနိုင်မည့် တန်ဖိုးသင့်အသေးစားဆေးဖြန်းစက်များ ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများအား တာဝန်ရှိသူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း (ဖိတ်ခေါ်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဟိုပုံးမြို့ မြို့မအားကစားကွင်း၌ ပြုလုပ်သည်။

ဗိုလ်လုပွဲစဉ်တွင် ကံတက်ဘောလုံးအသင်းနှင့် လုံးတန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံဘောလုံးဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



ထို့နောက် ဗိုလ်လုပွဲစဉ်တွင် ကံတက်ဘောလုံးအသင်းနှင့် လုံးတန်ဘောလုံးအသင်း ယှဉ်ပြိုင်ကစားကြရာ ကံတက်ဘောလုံးအသင်းက လုံးတန်ဘောလုံးအသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အကောင်းဆုံးကစားသမားဆုရသူများအား ဆုများကို လည်းကောင်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ဗိုလ်မှူးကြီး ခင်မောင်ထွန်းက ဒုတိယဆုရရှိသော လုံးတန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က ဒုတိယဆုရရှိသော လုံးတန်အသင်းအား ငွေသားကျပ်ခုနစ်သိန်းနှင့် ဒုတိယဆုဖလားကိုလည်းကောင်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်က ပထမဆုရရှိသော ကံတက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပထမဆုရရှိသော ကံတက် အသင်းအား ငွေသားကျပ် ၁၀ သိန်းနှင့် ပထမတံခွန်စိုက်ဖလားကိုလည်းကောင်း ဆုများ ချီးမြှင့်ခဲ့သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပဲခူးမြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာ ပေါင်းစုံ (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပဲခူးမြို့ ဥသာမြို့သစ်ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဇိုင်းဂနိုင်းမြောက်ပိုင်း ရပ်ကွက် ဘောလုံးအသင်းနှင့် ဇိုင်းဂနိုင်း တောင်ပိုင်းရပ်ကွက် ဘောလုံးအသင်းတို့ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ပွဲစဉ်တစ်လျှောက်နေရာအလိုက် ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် အကောင်းဆုံး ဘောလုံးသမားဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပဲခူးမြို့နယ်အားကစားမှူး ဦးဝင်းကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လည်းကောင်း၊ တတိယဆုရရှိသော ပန်းလှိုင်ရပ်ကွက် ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသား ဆုငွေကျပ်ငါးသိန်းကို ပဲခူးခရိုင် အားကစားမှူး ဒေါ်သန္တာဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးဝင်းမြတ်တို့က လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဆုရရှိသော ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ခုနစ်သိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းခိုင်နှင့် အဖွဲ့ဝင်ဦးအောင်ကျော်ထွန်းတို့က လည်းကောင်း၊ ပထမဆု ရရှိသော ဇိုင်းဂနိုင်း မြောက်ပိုင်းရပ်ကွက် ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီ ဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပထမဆုရရှိသော ဇိုင်းဂနိုင်း မြောက်ပိုင်းရပ်ကွက် ဘောလုံးအသင်းအား ငွေသားဆု ငွေကျပ် ၁၀ သိန်းနှင့် ပထမဆု ဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

**သက်ထက်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့ (ရှမ်းပြည်နယ် တောင်ပိုင်း)၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ နှင့် တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ဝ ဒသမ ၅၅ လက်မဖြစ်သည်။ **မိုး/ဇလ**

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ တတိယနေ့ ဆက်လက်ခင်းကျင်းပြသ ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၂** (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ပြသကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ တတိယနေ့အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ပြသလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက် လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်သည့် တပ်ကုန်းမြို့မှ ကိုဝေယံက "ဒီလို ပွဲတော် လုပ်ပေးတဲ့အတွက် ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေ၊ ဒေသထွက်ပစ္စည်းတွေနဲ့ အထင်ကရနေရာတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတယ်။ တိုင်းရင်းသားတွေရဲ့ အကအလှတွေနဲ့ ဝတ်စုံတွေဆို အခုမှမြင်ဖူးတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေဆိုလည်း အခုမှပဲ အစုံစားဖူးတယ်။ တကယ်ကို ထူးထူးခြားခြား ကြုံတွေ့ခွင့်ရတဲ့ပွဲပါ" ဟုပြောသည်။

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

"ကျွန်မကတော့ MSME ထုတ်ကုန်ပစ္စည်းတွေကို စိတ်ဝင်စားတဲ့အတွက် မကွေးမြို့ကနေ လာရောက်လေ့လာတာ ဖြစ်ပါတယ်။ ဝင်ရောက်လေ့လာတဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ထွက်တဲ့ ဒေသထွက်ကုန်တွေနဲ့ တိုင်းရင်းသားရိုးရာအစားအစာတွေကို သိရှိရတဲ့အတွက် ဗဟုသုတတွေရရှိပါတယ်။ ဒါ့အပြင် Super Seven Stars Industrial Development ပြခန်းမှာဆိုရင် နိုင်ငံတကာကုမ္ပဏီ ၄၂ ခုက ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းအမျိုးပေါင်း ၂၀၆ ခု ခင်းကျင်းပြသထားတာကိုလည်း လေ့လာခဲ့ရပါတယ်။ ဒါ့ပြင် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူတွေအတွက် အနာဂတ်နည်းပညာကဏ္ဍ တိုးတက်ဖို့ နည်းပညာမြင့်မားတဲ့ စက်ယန္တရားအမျိုးအစား ၁၄ မျိုးနဲ့ စွမ်းဆောင်ရည်တွေကို ၇၅ လက်မ တီဗွီတွေနဲ့ ပြသထားတဲ့အပြင် ဝန်ထမ်းတွေရဲ့ ရှင်းလင်းပြသမှုတွေကြောင့် MSME လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ဝင်ရောက် လေ့လာကြသူတွေအတွက် နည်းပညာပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေ ရရှိပါတယ်" ဟု ဒေါ်ကေသီခိုင်က ပြောသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ပွဲတော်လာပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကိုပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာ ကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန် ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ ဝယ်ယူကြသူများပြားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌လည်း ဒေသထွက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူ စားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ဖေဖော်ဝါရီ ၁၄ ရက်အထိ ငါးရက်တိုင် ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတော်တွင် တိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လေ့လာ မြင်တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှု၊ အစားအစာများ၊ ဝန်ကြီးဌာနများမှ ထုတ်ကုန်ပစ္စည်းများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC) ထုတ်ကုန်များနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများကိုလည်း တစ်စုတစ်ဝေးတည်း တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

**သတင်း- သန်းမင်းအောင်၊ ဂျိုင်းလော**

**ဓာတ်ပုံ - ဖိုးပြည့်စုံ**







မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင် ဖတ်ကြားစဉ်။ တင်ဇာလွင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ရဿဝတီခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင် ဖတ်ကြားစဉ်။ ဆုမွန်(ပြန်/ဆက်)





နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်း ဖတ်ကြားစဉ်။ မျိုးသီဟ(ပြန်/ဆက်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ



မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂

**(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ်မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက်က ကချင်တိုင်းရင်းသားတို့၏ မနောအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရဦးဆောင်သည့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအလေးပြုပွဲအခမ်းအနား ကျင်းပသည်။

ဆက်လက်၍ သဝဏ်လွှာ ဖတ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များက ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ အင်္ဂလိပ်စာနှင့် သချ်ာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုကို ဖော်ကျူးသည့်အနေဖြင့် ရိုးရာမနောပွဲ ဖွင့်ပွဲအခမ်းအနားကို မနောကွင်းငယ်ရှေ့၌ ကျင်းပရာ ကက်သလစ်အသင်းတော် ဖာသာဂေါ်လူယုံဝါနှင့် နှစ်ခြင်းခရစ်ယာန်အသင်းတော် သိက္ခာတော်ရ ဆရာတော် ဦးမဒိန်ဇုန်းကျန်းတို့က ဆုတောင်းဆက်ကပ်ကောင်းချီးပေးသည်။

ထို့နောက် မနောကွင်းငယ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မနောအကကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ)

ပြည်နယ်(ပြန်/ဆက်)

## မကွေးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မကွေး ဖေဖော်ဝါရီ ၁၂**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ၁၂ ရက်တွင် ကျရောက်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့မှ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကာ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းမှ စစ်ချီတေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## ငွေဆောင်ကမ်းခြေ၌ အများပြည်သူရုံးပိတ်ရက် ခရီးသွားများဖြင့် စည်ကား

**ငွေဆောင် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုနေ့အပါအဝင် အစိုးရရုံးပိတ်ရက်သုံးရက်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေကြသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**



ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားခြင်း၊ သဲသောင်ပြင်သန့်ရှင်းခြင်း၊ ပင်လယ်ရေ ကြည်လင်ခြင်းတို့ကြောင့် ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားရာဒေသတစ်ခုဖြစ်ပြီး ငွေဆောင်မြို့ထဲရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင် လမ်းလျှောက်ကြသူများ အပန်းဖြေနေကြသူများ၊ ရေကူးကြသူများ၊ မော်တော်ဘုတ် စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူ၊ မိုးမခဆင်စခန်းနှင့် Ngwe Saung Square သို့ လည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးတို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ဦးဆောင်သည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများတွင် လုံခြုံရေးများဆောင်ရွက်လျက်ရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့်ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီရောင်းချမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ငွေဆောင်(ပြန်/ဆက်)

**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**



ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စကားဖြူခန်းမ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီက ဖတ်ကြားစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဖတ်ကြားစဉ်။

မြို့နယ်(ပြန်/ဆက်)



ကြို့ပင်ကောက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး အသိပညာ ပေးဆွေးနွေးခြင်းများကို ဖေဖော်ဝါရီ ပထမပတ်က စတင်ဆောင်ရွက်ကြစဉ်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို မြို့နယ်အသီးသီး၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။ (စာတည်းအဖွဲ့)



ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဆွေညွန့် ဖတ်ကြားစဉ်။ ဖုန်ကန်(ပူတာအို)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည့် အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက နိုင်ငံတော်အလံအား လွှင့်တင်အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားစဉ်။ အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က ဖတ်ကြားစဉ်။ ကျော်သီဟ (ပြန်/ဆက်)



ကချင်ပြည်နယ် မံစီမြို့ ကောင်ရာရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် မံစီမြို့နယ်ရဲစခန်းမှ ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံကိုလွှင့်ထူ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ မြို့နယ် (ပြန်/ဆက်)



ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံ၌ ကျင်းပသည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားနေစဉ်။ ဇာဖြူဝင်း (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ ဖတ်ကြားစဉ်။ အေမင်းရည်စော



ရခိုင်ပြည်နယ် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ကျင်းပသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် ဌာနဆိုင်ရာများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ ရွှေရည်ဝင်းကျော်





နတ်မောက်မြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်စင်က ဖတ်ကြားစဉ်။ သိမ့်သိမ့်မိုး



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ကျင်းပသည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံမှ ပေးပို့သည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က ဖတ်ကြားစဉ်။ လှလှထွေး (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ခရိုင်စုပေါင်းရုံး၌ ကျင်းပသည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က ဖတ်ကြားစဉ်။ အောင်ဝင်းငြိမ်း (ကန့်ဘလူ)

# အစ္စရေးတပ်ဖွဲ့က ရာဖာမှ ဓားစာခံနှစ်ဦးကို ကယ်ဆယ်၊ လေကြောင်းတိုက်ခိုက်သဖြင့် လူ ၆၇ ဦး သေဆုံး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

ဂါဇာကမ်းမြောင်ဒေသ၏ တောင်ဘက်အစွန်ဆုံးဖြစ်သည့် ရာဖာ၌ ဟားမားစ်တို့က ဖမ်းဆီးထားသည့် ဓားစာခံအမျိုးသားနှစ်ဦးကို အစ္စရေးက ကယ်ဆယ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အလုံးစုံအောင်မြင်မှုရသည်အထိ စစ်ရေးအရ ဖိအားပေးမှုဆက်လက်လုပ်ဆောင်မှသာ မိမိတို့၏ ဓားစာခံအားလုံး လွတ်မြောက်လိမ့်မည်ဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်ဆောင်ပြီးနောက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၂ ရက် နံနက်အစောပိုင်းက အစ္စရေးတပ်ဖွဲ့က ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုနှင့် ဗုံးကြဲတိုက်ခိုက်မှုတို့ လုပ်ဆောင်ခဲ့ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီးရားနှင့် အခြားသတင်းများက ထုတ်ပြန်ထားသည်။ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၆၇ဦး သေဆုံးကြောင်း ဂါဇာရှိကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် ဗုံးကြဲသံများကို နံနက် ၁ နာရီဝန်းကျင်က ရုတ်တရက်ကြားခဲ့ရကြောင်း၊ ယင်းမှာ ပြီးခဲ့သည့် အောက်တိုဘာလ တိုက်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှစကာ ရာဖာ၌ ပထမဆုံးပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း ရာဖာဒေသခံတစ်ဦးက ပြောကြားသည်။ နေတန်ယာဟုက ရာဖာ၌ မြေပြင်ထိုးစစ်ဆင်မှုကို လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ရာဖာမှ အရပ်သားများ လုံခြုံရေးအာမခံနေချိန်အတွင်း ဟားမားစ်တို့ကို ချေမှုန်းရန် အစီအစဉ်တစ်ခု လုပ်ဆောင်ရန် တပ်ဖွဲ့အား ၎င်းက အမိန့်ပေးထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန်ကာကွယ်ရေးဝန်ကြီးအော်စတင် ဆေးရုံထပ်မံတက်ရောက်နေသောကြောင့် ၎င်း၏ လုပ်ပိုင်ခွင့်များကို ဒုတိယကာကွယ်ရေးဝန်ကြီးထံ လွှဲပြောင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်ကာကွယ်ရေး ဝန်ကြီး လွိုက်အော်စတင် ထပ်မံဆေးရုံတက်နေရပြီး ၎င်း၏လုပ်ပိုင်ခွင့်များကို ဒုတိယကာကွယ်ရေးဝန်ကြီးထံ ယာယီလွှဲပြောင်းပေးခဲ့သည်။

ဆီးအိမ်တွင် အရေးပေါ်ကုသရန် ပြသနေသည့် လက္ခဏာများကြောင့် စစ်ဆေးရန် မစ္စတာအော်စတင်ကို ဝါရှင်တန်ဒီစီအနီးတွင်ရှိသည့် စစ်ဆေးရုံ တစ်ရုံ စီပို့ခဲ့ရကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မစ္စတာ အော်စတင်သည် ဆေးရုံတွင် ဆေးကုသမှုခံယူနေရဆဲဖြစ်သည်။ ဆေးရုံတက်ပြီး နှစ်နာရီခွဲခန့်အကြာတွင် ၎င်း၏ ရုံးလုပ်ငန်း တာဝန်များကို လက်ထောက် ကာကွယ်ရေးဝန်ကြီးထံလွှဲပြောင်းပေးခဲ့သည်ဟု ကာကွယ်ရေး ဝန်ကြီးဌာနက ပြောသည်။

ဒီဇင်ဘာလတွင် မစ္စတာ အော်စတင်သည် ဆီးကျိတ်ကင်ဆာ ခွဲစိတ်မှုခံယူခဲ့သည်။ နောက်ဆက်တွဲ ရောဂါများကို စစ်ဆေးရန် ဇန်နဝါရီလထဲတွင် ဆေးရုံတက်ခဲ့သည်။

ခွဲစိတ်မှုများနှင့် ဆေးရုံတက်ရောက်မှု အခြေအနေကို သမ္မတ ဂျိုးဘိုင်ဒင်ထံ တင်ပြရန် ပျက်ကွက်ခဲ့သဖြင့် အစိုးရ၏ စီမံခန့်ခွဲမှု အကျပ်အတည်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။




အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်

ယခု နောက်ဆုံးအကြိမ် ဆေးရုံတက်ရောက်မှုတွင် မစ္စတာ အော်စတင်သည် အိမ်ဖြူတော်၊ အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ၊ လွှတ်တော်နှင့် တခြားသူများကို အသိပေးခဲ့သည်။

အရှေ့အလယ်ပိုင်းတွင် လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းချိန်တွင် ၎င်း၏ဆေးရုံတက်ရောက်ခြင်း ပေါ်ပေါက်လာသောကြောင့် ၎င်း၏ ကျန်းမာရေးကို အများစုက အာရုံစိုက်လာကြသည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံမှ ထောက်ပံ့ငွေ စုစုပေါင်း သန်း ၂၅၀ လက်ခံရရှိ

**အေဒင် ဖေဖော်ဝါရီ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံ၏ ဘဏ္ဍာငွေကို ကူညီထောက်ပံ့ရန် ယီမင်နိုင်ငံ၏ ဗဟိုဘဏ်သို့ အမေရိကန်ဒေါ်လာသန်း ၂၅၀ အာမခံပေးထားကြောင်း ယီမင်အစိုးရက ဖေဖော်ဝါရီ ၁၁ ရက်တွင် ကြေညာထားသည်။ ယင်းမှာ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းက ကြေညာထားသည့် ဆော်ဒီအကူအညီပေးရေး အစီအစဉ် ၁ ဒသမ ၂ ဘီလီယံဒေါ်လာ၏ ဒုတိယအရစ်ကျဖြစ်ကြောင်း တရားဝင်ဆော်ဒီသတင်း အေဂျင်စီက အတည်ပြုထားသည်။

ဆော်ဒီဘက်မှ အဆက်မပြတ်ကူညီ ထောက်ပံ့သည့်အတွက် ယီမင်ဝန်ကြီးချုပ် အာမက် အဝက်ဘင် မူဘာရက်ခ်က ကျေးဇူးတင်ကြောင်း ယီမင်နိုင်ငံပိုင် ဆာဘာသတင်းက ထုတ်ပြန်ထားသည်။

ယခုပေးငွေသည် လစာ၊ ကုန်ကျစရိတ်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် လုံလောက်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ ရန်ပုံငွေမှာ ပဋိပက္ခများကို နှစ်ပေါင်းများစွာခံစားခဲ့ရသည့် ယီမင်နိုင်ငံအတွက် အရေးပါသည့် အချိန်၌ ရရှိခြင်းဖြစ်သည်။

ယီမင်ဗဟိုဘဏ်အကြီးအကဲ အာမက်ဂါလက်က နောက်ဆုံး ဆော်ဒီ အရစ်ကျငွေ လက်ခံရရှိကြောင်း အတည်ပြုပြောကြားသည်။ အဆိုပါ အကူအညီမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်သောကြောင့် ယီမင်ဝန်ကြီးချုပ်သစ်ခန့်အပ်ပြီးနောက် မကြာသေးမီ ရောက်ရှိလာကြောင်း သိရသည်။

**ဆင်ဟွာ**



ယီမင်ဝန်ကြီးချုပ် အာမက် အဝက်ဘင် မူဘာရက်ခ်။

# သီရိလင်္ကာနိုင်ငံ၌ ဧပြီလလယ်အထိ ခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်မည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၂**

သီရိလင်္ကာနိုင်ငံသည် ဧပြီလလယ်မှသာ မိုးရွာသွန်းရန် ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် အပူချိန်မြင့်မားမှုမှာ ယင်းအချိန်အထိ ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း မိုးလေဝသညွှန်ကြားရေးမှူးချုပ် အသူလာ ခါရန်နာနေရာခီက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ကလေးများ၊ အားကစားသမားများ၊ တပ်မတော်သားများ၊ အလုပ်သမားများနှင့် နေရောင်နှင့်ထိတွေ့သည့် အခြားသူများမှာ ဧပြီလလယ်အထိ အသက်အန္တရာယ်ရှိသည့် ရေဓာတ်ခန်းခြောက်မှုများအတွက် သတိရှိရမည်ဖြစ်ကြောင်း ၎င်းက သတိပေးထားသည်။

သီရိလင်္ကာနိုင်ငံ၌ ၂၄ နာရီအတွင်း အမြင့်ဆုံးအပူချိန်မှာ မြို့တော်ကိုလံဘိုတွင် ၃၅ ဒီဂရီစင်တီဂရိတ်ရှိကြောင်း မိုးလေဝသဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။။

**ဆင်ဟွာ**

# နှစ်သစ်ကူးနေ့တွင် ဂျပန်နိုင်ငံအလယ်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်ခဲ့ပြီးနောက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**တိုကျို ဖေဖော်ဝါရီ ၁၂**

နှစ်သစ်ကူးနေ့တွင် ဂျပန်နိုင်ငံအလယ်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်ခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပွားပြီး သီတင်းပတ် ခြောက်ပတ်ကြာပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ငလျင်ဒဏ် အများဆုံးခံစားခဲ့ရသည့် နိုတိုကျွန်းဆွယ်၌ စေတနာ့ဝန်ထမ်းများက လိုအပ်သော အကူအညီများပေးနေသော်လည်း တည်းခိုစရာနေရာများ မလုံလောက်သေးကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းမှ ပေးပို့သော လူသားချင်းစာနာထောက်ထားမှုပစ္စည်းများသည် ငလျင်ဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသည့် ဝါဂျီးမာမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။ ယွန်းထည် ရိုးရာတူပြုလုပ်သူ တစ်ဦးဖြစ်သည့် ကိုယာမာမာဆာကီသည် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးချိန်မှစကာ ငလျင်ထောက်ပံ့ပစ္စည်းများ စီမံခန့်ခွဲရေးကို လုပ်ဆောင်ပေးခဲ့သည်။

ဝါဂျီးမာမြို့အုပ်ချုပ်ရေးအဖွဲ့သည် ပျက်စီးသွားသည့် အဆောက်အအုံများ ဖျက်သိမ်းရန်အတွက် ပြည်သူ့ရန်ပုံငွေ အသုံးပြုနိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်သူများနှင့် ညှိနှိုင်းတိုင်ပင်လျက်ရှိသည်။

အိရှိခါဝခရိုင်တွင် နေအိမ်ပေါင်း ၆၀၀၀၀ ကျော်သည် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးပျက်စီးသွားခဲ့သည်။

ငလျင်ကြောင့် လူပေါင်း ၂၄၁ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ ငလျင်ဒဏ်အဆိုးရွားဆုံး ထိခိုက်သည့်ခရိုင်မှာ အိရှိခါဝခရိုင်ဖြစ်ပြီး လူပေါင်း အနည်းဆုံး ၂၃၀၀၀ သည် ခိုလှုံရေးစခန်းများတွင် နေထိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Coordinating Conjunctions နဲ့ Subordinating Conjunctions တို့ရဲ့ အားပြိုင်မှုတွေအကြောင်း ဆက်လက်အနှစ်ချုပ် ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း "Job interview" အလုပ်အင်တာဗျူးမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲ ဆိုတာကို Shortest way to talk about "Job Interview-II" ဆိုပြီး ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကို ဖြစ်စေ၊ ဝါကျပိုင်းတွေကို ဖြစ်စေ၊ ပုဒ်အချင်းချင်းကို ဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ နေရာမှာသုံးတဲ့ စကားဆက်တွေပဲဖြစ်ပါတယ်။ စကားဆက်များဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက် ပိုတဲ့ ဝါကျတွေကို တစ်ကြောင်းထဲပေါင်းပြီး ပိုပြီးအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးတဲ့စကားလုံးတွေပဲဖြစ်ပါတယ်။

**ဒီတစ်ပတ်မှာတော့ အရင်အပတ်က အဆက်ဖြစ်တဲ့ Coordinating Conjunctions နဲ့ Subordinating Conjunctions တွေရဲ့ အနှစ်ချုပ် အသုံးပြုပုံနဲ့ နမူနာဝါကျများအကြောင်း ထပ်မံရေးသားတင်ပြသွားပါမယ်။**

(Subordinating Conjunctions တွေဟာ ထပ်မံဖြည့်စွက်ဖော်ပြတဲ့ အချက်အလက်တွေဖြစ်တဲ့ အချိန်၊ တစ်ခုခုဖြစ်စေတဲ့အကြောင်းတရား၊ အခြေအနေ၊ တစ်ခုနဲ့တစ်ခုခြားနားချက်၊ နှိုင်းယှဉ်ချက် သို့မဟုတ် အမူအရာတွေကို ဖော်ပြတဲ့ ကြိယာဝိသေသနဆန်တဲ့ ဝါကျပိုင်းတွေကို ဆက်သွယ်ပေးတဲ့နေရာမှာသုံးတဲ့ စကားဆက်တွေပဲဖြစ်ပါတယ်။ ဝါကျတစ်ခုမှာ Subordinating Conjunctions နဲ့စတဲ့ မှီခိုဝါကျပိုင်းဟာ အဓိကဝါကျပိုင်းရဲ့နောက်က လိုက်ပါတယ်။)

**Examples of subordinating conjunctions in use:**

အောက်မှာဖော်ပြထားတာတွေကတော့ Subordinating Conjunctions ကိုအသုံးပြုထားတဲ့ နမူနာဝါကျတွေပဲဖြစ်ပါတယ်။

- Although it was raining, they decided to go for a walk.
- I will come if you invite me.
- He succeeded because he worked hard.
- She sings while she cooks dinner.

In short, subordinating conjunctions make complex sentence.

(အတိုချုံ့ပြောရမယ်ဆိုရင် Subordinating Conjunctions တွေဟာ ဝါကျအစိတ်အပိုင်းတစ်ခုနဲ့ တစ်ခုကို ရောထားတဲ့ ဝါကျရောတွေကို ဖြစ်ပေါ်စေပါတယ်။)

**Usage and Examples**

**(အသုံးပြုပုံနဲ့ နမူနာဝါကျများ)**

Coordinating conjunctions connect elements of equal importance, allowing for the creation of compound sentences or the coordination of similar ideas within a sentence. They indicate that the connected elements have equal value or relevance.

(Coordinating conjunctions များဟာ ဝါကျပေါင်းတွေဖြစ်ပေါ်စေဖို့ သို့မဟုတ် စိတ်ကူး၊ အတွေးအခေါ်တူတွေကို ချိတ်ဆက်ဖြစ်ပေါ်စေဖို့ အဆင့်တူ ဝါကျအစိတ်အပိုင်းတွေကို ဆက်သွယ်ပေးတဲ့ စကားဆက်ပဲ ဖြစ်ပါတယ်။ ချိတ်ဆက်ထားတဲ့ ဝါကျအစိတ်အပိုင်းတွေဟာ တစ်ခုနဲ့တစ်ခု အရည်အသွေးတူညီကြသလို ဆီလျော်မှုလည်းရှိဖို့လိုပါတယ်။)

Subordinating conjunctions, on the other hand, introduce dependent clauses that provide additional information or context to the main clause. They establish a hierarchy of importance, with the main clause being more significant and the dependent clause offering supplementary details or conditions.

(Subordinating Conjunctions တွေကို တစ်နည်းအားဖြင့် နောက်ထပ် အချက်အလက်တွေကို ထပ်မံဖြည့်စွက်ဖော်ပြတဲ့ သို့မဟုတ် အဓိကဝါကျနဲ့ ရှေ့နောက် အဆက်စပ်ရှိအောင်ဖြည့်စွက်ဖော်ပြတဲ့ မှီခိုဝါကျပိုင်းစကားဆက် တွေလို့ပဲ ပြောရမှာဖြစ်ပါတယ်။

**Coordinating conjunction example:**

- I like to read books, and I enjoy watching movies. Here, the coordinating conjunction "and" connects two independent clauses of equal importance.

  (ဒီနေရာမှာ အဆင့်တူဝါကျပိုင်းနှစ်ခုကို Coordinating conjunction ဖြစ်တဲ့ and နဲ့ သုံးပြီးဆက်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။)

**Subordinating conjunction example:**

- Although she was tired, she continued working. The subordinating conjunction "although" introduces a dependent clause that provides contrast or condition to the main clause.

  (ဒီနေရာမှာ although ဆိုတဲ့ Subordinating conjunction ဟာ မှီခိုဝါကျပိုင်းကို အစပျိုးပေးပြီး ပဓာနဝါကျ (အဓိကဝါကျ) ပိုင်းကို အခြေအနေအားဖြင့် သို့မဟုတ် ဆန့်ကျင့်ဘက်သဘော၊ ခြားနားမှုသဘောအားဖြင့် ဆက်စပ်ပေးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။)

## VOCABULARY (IDIOM)

1. at least (အနည်းဆုံး၊ ဘယ်လိုဖြစ်ဖြစ်)

   Spend at least one hour each day practicing your English speaking.

   (အနည်းဆုံးတစ်ရက်ကို တစ်နာရီလောက် အင်္ဂလိပ်စကားပြော လေ့ကျင့်ပါ။)
2. at last (နောက်ဆုံးတွင်)

   At last, Henry and Kate were together again.

   (နောက်ဆုံးမှာတော့ ဟင်နရီနဲ့ ကိတ်တို့ ပြန်လည်ပေါင်းဖက်နိုင်ခဲ့ပြီ။)
3. at large (လွတ်နေသော )

   The prisoners who escaped are still at large.

   (ထွက်ပြေးသွားသည့် အကျဉ်းသားများ အခုထိ လွတ်နေတုန်းရှိသေးတယ်။)
4. at first sight (မြင်မြင်ချင်း၊ ချက်ချင်း)

   He liked her at first sight.


   (သူ့ကို မြင်မြင်ချင်းသဘောကျသွားတယ်။)
5. at first (အစတွင်)

   At first the work seemed to be very difficult.

   (အစပိုင်းမှာ အလုပ်က ခက်သလိုပဲ။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Job Interview-II"

**ဒီတစ်ပတ်မှာတော့ "Job Interview-II" အလုပ်အင်တာဗျူးမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲ ဆိုတာကို Shortest way to talk about "Job Interview-II" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**Conversation**

Daniel (Boss): What are your weaknesses?

Simon (Applicant): Sometimes, I help others a lot. I can't sit idle.

Daniel (Boss): What is your biggest weakness?

Simon (Applicant): I am very emotional.

Daniel (Boss): Well. That's not very bad. How do you manage situations? If you have a lot of work.

Simon (Applicant): I am very organized. I work on weekends, if I have a lot of work. I have never let my boss down.

Daniel (Boss): Where do you see yourself in next five years?

Simon (Applicant): I will be working as manager in this company. I will be launching a new app.

Daniel (Boss): Your personality is good. You have experience and smart mind. I think you are the right person for this job.

Simon (Applicant): I will never disappoint you.

Daniel (Boss): Congrats. You got this job. Do you have some questions about this job?

Simon (Applicant): Yes, sir. I have a few questions. May I ask?

Daniel (Boss): Sure.

Simon (Applicant): Is the job full-time or part-time?

Daniel (Boss): This is a full-time job.

Simon (Applicant): What are the hours?

Daniel (Boss): Monday through Friday from 8 am to 5 pm. 40 hours a week.

Simon (Applicant): How much is the salary?

Daniel (Boss): $ 10,000 a month.

Simon (Applicant): That's a great deal. Are there benefits?

Daniel (Boss): Yes, we offer free medical insurance and a free tour for two people.

Simon (Applicant): Sounds good.

**Language Focus**

1. What are your weaknesses?

အလုပ်သွားလျှောက်တဲ့အခါ ဒီလိုမျိုး မေးလေ့မေးထရှိပါတယ်။ "မင်းရဲ့အားနည်းချက်ကဘာတွေလဲ" ဆိုပြီး မေးတာဖြစ်ပါတယ်။ စကားပြောထဲမှာတော့ ဖြေပြထားပါတယ်။ ဒီအချက်ကိုလည်း ကြိုတင်ပြင်ဆင်ထားမယ်ဆိုရင် အလုပ်ရဖို့ မျှော်လင့်ချက်ရှိမှာ ဖြစ်ပါတယ်။

2. I have never let my boss down.

ဒါကတော့ "ကျွန်တော့်ရဲ့ သူဌေးကို ဘယ်တော့မှ စိတ်မပျက်စေပါဘူး" ဆိုပြီး ပြောတဲ့ပုံစံပါပဲ။ ကိုယ့်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြောတဲ့အခါမှာ ဒီလိုမျိုး ပြောတတ်ခြင်းကလည်း အလုပ်ရှင်သဘောကျတဲ့ ပုံစံပဲဖြစ်ပါတယ်။

3. I will be working

ဒီ Future Continuous နဲ့ ပြောတဲ့ပုံစံကိုတော့ အနာဂတ်မှာလုပ်နေလိမ့်မယ်၊ ကစားနေလိမ့်မယ်၊ စားနေလိမ့်မယ်ဆိုပြီး အနာဂတ်ကာလမှာ တစ်ခုခုလုပ်နေ၊ ဖြစ်နေမယ့်သဘောမျိုးပြောရင် သုံးနိုင်ပါတယ်။ ငါမင်းကို စောင့်နေလိမ့်မယ်ဆိုရင်တော့ I will be waiting for you ဆိုပြီး ပြောနိုင်ပါတယ်။

4. Are there benefits?

"အကျိုးရလဒ် သို့မဟုတ် အကျိုးခံစားခွင့်တွေရော" ဆိုပြီးမေးတဲ့သဘောပါပဲ။ အလုပ်ခန့်လိုက်ပြီလို့ ပြောပြီးတဲ့အခါမှာ အလုပ်ရှင်က နောက်ထပ်ဘာတွေ မေးစရာရှိဦးမလဲဆိုပြီး ကိုယ့်ကိုလမ်းဖွင့်မေးခွန်းမျိုး မေးတတ်ပါတယ်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကရင်ပြည်နယ် ဘားအံမြို့၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၂

**(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ဥပစာ မြက်ခင်းပြင်၌ ကျင်းပသည်။**

ဦးစွာ နံနက် ၅ နာရီခွဲတွင် နိုင်ငံတော် အလံတင် အခမ်းအနားကိုကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော် နှင့် အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး အလံစောင့်တပ်ဖွဲ့နှင့် အလံတင်တပ်ဖွဲ့တို့က နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်ကာ တက်ရောက်လာသူများက နိုင်ငံတော် အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနားကိုကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များ၊ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ စုံလင်စွာ တက်ရောက် ခဲ့ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီး များနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ထူးချွန်ဝန်ထမ်း များ၊ ထူးချွန်အားကစားသမားများ၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်အဆင့်နှင့် အခြေခံပညာအဆင့် စာစီ စာကုံး၊ ကျပန်းစကားပြော၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များ၊ အခမ်းအနား တက်ရောက်လာသူများသည်



(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုပြခန်းများ၊ ပညာ ရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု ဌာနဆိုင်ရာပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးဆိုင်ရာ စက်မှုလက်မှု ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေး ခဲ့ကြသည်။

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်း အမှတ်အနေဖြင့် သံလုံးပစ်၊ Small Goal ၊ ခေါင်းအုံး ရိုက်၊ အုန်းသီးရိုက်၊ ဆန်ကောရွက်၊ အပြေးပြိုင်ပွဲ အစရှိသော အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ များကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရပ်ကွက်/ ကျေးရွာ အမျိုး သား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဌာနပေါင်းစုံ အမျိုးသား/ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှု အားပေးခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူ များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအား စေတနာရှင်ပြည်သူများက ဒုတိယအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံ ရေးနှင့် ကာကွယ်ရေးတာဝန်များ ကို စွမ်းစွမ်းတမံ ထမ်းဆောင် လျက်ရှိသော တပ်မတော်သား များအား စေတနာရှင် ပြည်သူ များက ဒုတိယအကြိမ် အလှူငွေ များ ပေးအပ်လှူဒါန်းပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများမှ တာဝန် ရှိသူများနှင့် စေတနာရှင် အလှူ ရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့၊ ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးအဖွဲ့ရုံးများ၊ လူမှု ရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီ များမှ စေတနာရှင်၊ အလှူရှင်များ က အလှူငွေများ ပေးအပ်လှူဒါန်း ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် **(ဝဲပုံ)** နှင့် တိုင်းမှူးတို့က လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြ၍ တိုင်း ဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူး တင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် စေတနာရှင်၊ အလှူ ရှင် စုစုပေါင်း ၂၀၅ ဦး၏ အလှူငွေ စုစုပေါင်း မှာ ငွေကျပ် ၁၀၁၀,၁၂၇,၀၀၀ လက်ခံရရှိခဲ့ကြောင်းနှင့် ပထမ အကြိမ် အလှူငွေများ ပေးအပ် လှူဒါန်းပွဲတွင် စေတနာရှင်၊ အလှူ ရှင် ၉၉ ဦး၏ လှူဒါန်းငွေကျပ် ၁,၁၂၇,၃၂၅,၆၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တွင်းဈေးကွက်အတွင်း အထည်အလိပ်လုပ်ငန်းများတွင် ရောင်းအားဝယ်အား အဆက်မပြတ်ရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပြည်တွင်းဈေးကွက်အတွင်း အထည် အလိပ်လုပ်ငန်းများတွင် ရောင်းအား ဝယ်အား အဆက်မပြတ် ရှိနေ ကြောင်း အထည်အလိပ်ရောင်းဝယ် ရေးလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

"လက်ရှိမှာ အထည်အလိပ် လုပ်ငန်းတွေကတော့ သူ့ဟာနဲ့သူ ရောင်းအား ဝယ်အား အဆက် မပြတ် ရှိနေတာပေါ့။ ရောင်းရပါ တယ်။ ဈေးကွက်မှာက စပန့်လည်း စပန့်အလျောက်၊ ချည်လည်း ချည် အလျောက် အကုန်လုံး ကြိုက်ကြ ပါတယ်၊ ဝယ်ကြပါတယ်" ဟု စံမဒီ အထည်အလိပ် ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဈေးကွက်ချဲ့ထွင်နိုင်ရန်ကြိုးစား**

မြန်မာနိုင်ငံတွင် ပြည်တွင်းမှ ထွက်ရှိသော မြန်မာ့ရိုးရာအထည် အလိပ်များထက် ပြည်ပမှဝင်လာသော အထည်အလိပ်များက ဈေးကွက်များ တွင် ပိုမိုနေရာယူထားခြင်းကြောင့် မြန်မာ့ရိုးရာ အထည်အလိပ်များ ထုတ်လုပ်သော ရက်ကန်းလုပ်ငန်းများ အနေဖြင့် စိန်ခေါ်မှုများ ကြုံတွေ့နေ ရပြီး ပြည်တွင်း၌ ဈေးကွက်ချဲ့ထွင် နိုင်ရန် ကြိုးစားရုန်းကန်နေရကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရိုးရာ အထည် အလိပ်များ ထုတ်လုပ်သော ရက်ကန်း လုပ်ငန်းများသည် နိုင်ငံအတွင်းက ဝယ်လိုအားအပေါ်မူတည်၍ အထည် အလိပ် အရေအတွက် အများအပြား ရက်လုပ်ဖြန့်ချိရသော ပြည်တွင်း ဈေးကွက်နှင့် အရည်အသွေးကောင်း သော ထုတ်ကုန်များ ဖန်တီးရက်လုပ် ကာ တင်ပို့ရသော နိုင်ငံခြားဈေးကွက် တို့အတွက် ဒီဇိုင်းဆန်းသော အထည် အလိပ်များ တိုးမြှင့်ထုတ်လုပ်နိုင်စေ ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ဈေးနှုန်းသင့်တင့်မျှတရန်**

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်း များမှ ထွက်ရှိသော အထည်အလိပ် များနှင့် အဝတ်အထည်များကို ပြည် တွင်း၊ ပြည်ပဈေးကွက် နှစ်ခုလုံး၌ တိုးချဲ့နိုင်စေရေးအတွက် စိတ်ဝင်စား ဖွယ်ရာ လှပသော ဒီဇိုင်းဆန်းများ ဖန်တီးထုတ်လုပ်နိုင်ရုံသာမက ဈေးနှုန်း သင့်တင့်မျှတရန်လည်း လိုအပ် ကြောင်း အထည်အလိပ် လုပ်ငန်း လုပ်ကိုင်နေသည့် အသိုင်းအဝိုင်းမှ သိရသည်။ **သစ်တော်**

# ပဲဈေးကောင်းနေသဖြင့် တောင်သူများနှင့် အလုပ်သမားများ ဝင်ငွေကောင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပဲနုတ်ရာသီဖြစ်ကာ ဈေးကောင်းနေသဖြင့် ပဲစိုက်တောင်သူများနှင့် လက်လုပ်လက်စား အလုပ်သမားအတွက် လက်ရှိတွင် ဝင်ငွေ ကောင်းသည့် ကာလဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



"အခုကာလက လက်လုပ်လက်စား ကူလီ ကျပန်း အလုပ်သမားတွေကို အလုပ်အကိုင် အခွင့်အလမ်း ဘယ်လိုပေးနိုင်မလဲဆိုတော့ အခုကပဲနုတ်ချိန်ပေါ့ဗျာ။ ပဲနုတ်တာကလည်း စက်ယန္တရားတွေနဲ့ပဲ နုတ်တာမဟုတ်တဲ့ အတွက် မတ်ပဲ၊ ပဲတီစိမ်းတွေက လူအင်အားနဲ့ လုပ်ရတာကိုး။ လက်ရှိမှာက လူလည်း နုတ်တယ်၊ စက်တွေနဲ့လည်း ခြွေလှေ့တယ်၊ ပဲနုတ်ရာသီဖြစ်တဲ့အတွက် တစ်မနက် ဆင်း လိုက်ရင် ငါးထောင်၊ ခြောက်ထောင်ဝင်ငွေ ရတာဖြစ်တယ်၊ အခုကတောင်သူတွေ အလု အယက် အလုပ်ခေါ်နေကြတာ။ လက်လုပ် လက်စားတွေ အဆင်ပြေတဲ့ ကာလလည်း ဖြစ်ပါတယ်" ဟု အထက်ပါ တာဝန်ရှိသူက ဆိုသည်။

"မတ်ပဲဆိုလည်း မတ်ပဲသီးနှံက တစ်တင်း ကို တစ်သိန်းကျော်လောက် ဈေးပေါက်နေ တော့ ပဲတင်းတစ်ထောင်လောက် ရတဲ့သူက သိန်းတစ်ထောင်လောက် ဝင်ငွေရှိလို့ တောင်သူ တွေ ဒီကာလမှာ တော်တော်လေး အဆင်ပြေ ပါတယ်" ဟု အထက်ပါ တာဝန်ရှိသူက ဆက်ပြောသည်။

**သစ်တော်**

## ဆီဆိုင်မြို့ကို တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် ပြည်သူ့နေအိမ် ၅၀ နီးပါး ထိခိုက်ပျက်စီးဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂







ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့အတွင်းသို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် တပ်မတော်က လေကြောင်း၊ လက်နက်ကြီးများဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆီဆိုင်မြို့ ဘုရားဖြူ အထက်တန်းကျောင်း အရှေ့ဘက် အောင်ချမ်းသာရပ်ကွက်အတွင်း မီးလောင်ခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် ဘာသာရေးအဆောက်အအုံ ခုနစ်လုံးနှင့် ပြည်သူ့နေအိမ် အလုံး ၅၀ နီးပါး ထိခိုက်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အထက်ပါသတင်းနှင့်ပတ်သက်၍ တပ်မတော်မှ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆီဆိုင်မြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိသလို လေကြောင်းပျံသန်းမှုလည်း မရှိကြောင်းနှင့် ထိုနေ့တွင် PNLA, KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၎င်းတို့အတွက်လိုအပ်လျက်ရှိသော စားနပ်ရိက္ခာများနှင့် အသုံးအဆောင် ပစ္စည်းများအား ထောက်ပံ့မှုမရရှိသဖြင့် ရှမ်းပြည်နယ် ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက် ဘုရားဖြူအထက်တန်းကျောင်း၏ အရှေ့ဘက်ရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ မတ္တရာမြို့နယ် ဆိပ်သာရွာတွင် တပ်မတော်က ယနေ့နံနက်ပိုင်း၌ အမျိုးသား သုံးဦးကို မီးရှို့သတ်ဖြတ်ပြီး နေအိမ် ငါးလုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့တွင် ဆိပ်သာရွာသို့ တပ်မတော်စစ်ကြောင်း သွားလာမှု မရှိကြောင်းနှင့် ရွာသား သုံးဦးနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit မှ မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုံရွာမြို့ပေါ်တွင် တပ်မတော်က လူငယ်များကို ဖမ်းဆီးနေမှုများကြောင့် မြို့ပေါ်တွင် အသွားအလာမရှိဘဲ မြို့ခြောက်ကပ်သွားဟု မဟုတ်မမှန်သတင်းများကို ဝါဒဖြန့်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်တွင် တပ်မတော်က လူငယ်များကို ဦးတည်ဖမ်းဆီးမှုများ လုပ်ဆောင်နေသဖြင့် ယနေ့မြို့ပေါ်တွင် အသွားအလာမရှိဘဲ ခြောက်ကပ်နေကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင်လည်း ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့ရာတွင် လူငယ်တချို့အဖမ်းခံရကြောင်း၊ ထို့ပြင် ယမန်နေ့




နံနက်ပိုင်း မုံရွာ - မန္တလေး လမ်းပေါ်တွင် လူငယ် ၄၀ ကျော်ထက်မနည်းကို တပ်မတော်က ဖမ်းဆီးသွားခဲ့ပြီး ပေါ်တာဆွဲသည်ဟု ပြောဆိုခဲ့သဖြင့် ပြည်သူများ စိုးရိမ်ထိတ်လန့်နေကြသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

မုံရွာမြို့ပေါ်တွင် ပုံမှန်သွားလာနေထိုင်မှုများရှိပြီး တပ်မတော်က ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်မှာ သတင်းမှားသာဖြစ်သည်။ နိုင်ငံတော်မှ ပြည်သူ့စစ်မှုထမ်း ဥပဒေကို အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီးနောက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူလူထုကို ကြောက်လန့်အောင် ခြိမ်းခြောက်ခြင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပျက်ပြားအောင် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂



တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မင်္ဂလာဒုံမြို့နယ် စုစံစက်သုံးဆီအရောင်းဆိုင် အနီး၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၀၈၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၂၉၁၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၁၀ ရက်က ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် ကျိုက်ထိုမြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ensure Gold Vanilla ဘူး ၂၄၀၊ Dry White Fungus အထုပ် ၃၀၊ ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၅၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၂၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sun-long Bus တစ်စီးနှင့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဝေါဘူတာလမ်းဆုံအနီး၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ရွက်ဖျန်းမြေဩဇာ အရည်ဘူး ၁၆၂၀၊ Miaow Cra-ckers အထုပ် ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ၁၀မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၈၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် HOWO Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၄၉ တန်၊ အခြားသစ် ၃ ဒသမ ၀၄၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၆၃၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၉၆ တန်၊ သစ်မာ ၄ ဒသမ ၇၅၆ တန်၊ အခြားသစ် ၃ ဒသမ ၀၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၅၁၉၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၆၀၄၈၂၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၂၁၇၇၄၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းမှ အဓိကတိုက်စစ်ကစားသမား ဟွိုက်လန်း တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲစုံ နောက်ဆုံးခုနစ်ပွဲတွင် သွင်းဂိုး ခြောက်ဂိုးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် အသက် ၂၁ နှစ် အရွယ် တိုက်စစ်ကစားသမား ဟွိုက်လန်းသည် နီကိုလပ်စ် အနယ်လ်ကာပြီးနောက် ပရီမီယာလိဂ်သမိုင်း တစ်လျှောက်တွင် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက် အသက်ငယ်ဆုံးကစားသမား ဖြစ်လာခဲ့သည်။

**လေးပွဲဆက်နိုင်ပွဲရရှိ**

မန်ယူအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူဂိုးသမား အိုနာနာသည် အက်စ်တွန်ဗီလာအသင်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို ကာကွယ်နိုင်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ဟွိုက်လန်းနှင့် မက်တွန်မီနေးတို့က သွင်းယူနိုင်ခဲ့သည်။ အက်စ်တွန် ဗီလာအသင်းအတွက် ချေပဂိုးကို လူးဝစ်က သွင်းယူပေးနိုင်ခဲ့သည်။

**ယှဉ်ပြိုင်ရမည်**

မန်ယူအသင်းသည် လာမည့်ပွဲစဉ်တွင် လူတန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းက ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Joseph John” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ကျော်ရှိန်မောင်အား နံနက် ၃ နာရီ ၂၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဈေးကွက်ခိုင်မာမှုရရှိထားသည့် ရေဦးဒေသထွက်စားသောက်ကုန် ချင်း(ဂျင်း)ပြားနှပ်လုပ်ငန်း

## တွေ့ဆုံမေးမြန်း - သန်းသန်း(ရေဦး)

မြေပြန့်ဒေသမြို့တစ်မြို့ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့သည် စိုက်ပျိုးရေးလုပ်ငန်းသာမက မြို့၏ အဓိက စားသောက်ကုန်များဖြစ်သော ပဲငါးပိ၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ မုန့်မျိုးစုံလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာသည့် မြို့ငယ်တစ်မြို့ဖြစ်ပါသည်။



ချင်းပြားနှပ် လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်စိန်။

ဒေသထုတ်ကုန်များအနက် ဒေသထွက်စားသောက်ကုန်တစ်မျိုးဖြစ်သည့် ချင်းပြားနှပ် လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်စိန်နှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ချင်းပြားလုပ်ငန်းစတင်လုပ်ကိုင်ခဲ့သည့် အချိန်ကာလလေး သိပါရစေ။**

ဖြေ။ ။ ချင်းပြားကို ၂၀၁၄ ခုနှစ်က စတင်စမ်းသပ်လုပ်ကိုင်ခဲ့ပါတယ်၊

**မေး။ ။ ချင်းပြားနှပ်လုပ်ငန်း စတင်လုပ်ကိုင်ချိန်က ဘယ်လိုအခက်အခဲတွေ တွေ့ကြုံခဲ့တယ်ဆိုတာလေးလည်း သိပါရစေ။**

ဖြေ။ ။ ချင်းပြားစတင်ထုတ်လုပ်ရောင်းချခဲ့စဉ်က လက်ဖက်ညွန့်နှပ်၊ လက်ဖက်ထောင်းနှပ်၊ ချင်း(ဂျင်း)ပေါက်၊ ခုနစ်ထွေကြော်၊ ပဲကြော်နဲ့တွဲဖက် ရောင်းချခဲ့တယ်၊ ချင်း(ဂျင်း)ပြားနှပ် တစ်ခုတည်း ပြုလုပ်ခဲ့တာ မဟုတ်ဘဲနဲ့ တွဲဖက်လုပ်ကိုင်ခဲ့တယ်။ နောက်မှ စားသုံးသူတွေ သိလာပြီး ချင်း(ဂျင်း)ပြားနှပ်ဆိုပြီး နာမည်ထွက်လာတယ်။ ချင်း(ဂျင်း)ပြားရဖို့ ဓားနဲ့ပါးပါးလှီးခဲ့ရတယ်။ လက်ထိုးဆိုပါတော့၊ ချင်း(ဂျင်း)ပြားထိုးတဲ့သူကလည်း ရှားတယ်။ ချင်း(ဂျင်း)ပေါက်ပဲထိုးကြတာဆိုတော့ ကိုယ်တိုင်ချင်း(ဂျင်း)ပြားထိုး (လက်လှီး)ခဲ့ရတယ်။ မိသားစုတစ်ပိုင်တစ်နိုင်အနေနဲ့ ချင်းပြားလက်ထိုး(လက်လှီး)ကို တစ်ရက်သုံးပိဿာလောက်ထိုးပြီး စမ်းရောင်းကြည့်ခဲ့ပါတယ်။ စမ်းရောင်းရင်းနဲ့ ၂၀၁၇ ခုနှစ်မှာ ချင်းပြားနှပ်လုပ်ငန်းက နာမည်စရလာခဲ့တယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မုံရွာ၊ မြစ်ကြီးနားမြို့များအထိ ဖြန့်ဖြူးပို့ဆောင် ရောင်းချနေရာယူနိုင်ခဲ့ပါတယ်။ ရောင်းအားတက်လာခဲ့သလို လုပ်ငန်းတွင်ကျယ်လာခဲ့တော့ လက်မှုလုပ်ငန်းမှ စက်မှုလုပ်ငန်းသို့ ၂၀၂၂ ခုနှစ်မှာ လုပ်သားငါးဦး ငှားရမ်းလုပ်ကိုင်ခဲ့တယ်။

**မေး။ ။ ချင်းပြားနှပ် ဈေးကွက်မှာနာမည်ရလာပုံနဲ့ တိုးချဲ့လုပ်ကိုင်ခဲ့ပုံလေးကိုလည်း သိပါရစေ။**

ဖြေ။ ။ ဈေးကွက်မှာ ရောင်းအားနည်းတော့ လူသိနည်းခဲ့သလို စားသုံးသူတွေကလည်း ချင်းပြားရဲ့အရသာကို သိသူလည်း နည်းနေကြသေးတယ်။ ပွဲလမ်းသဘင် အလှူပွဲမင်္ဂလာပွဲတွေမှာလည်း အသုံးနည်းကြတယ်။ ဘယ်လိုနေရာတွေမှာ စားသုံးကြသလဲဆိုရင် ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းတွေလာတဲ့အခါ အိမ်မှာ ဧည့်ဝတ်ကျေပွန်စေဖို့ ဧည့်ခံကျွေးမွေးတဲ့နေရာမှာ အသုံးများတယ်။ ရေဦးဒေသထွက်ကုန်အဖြစ် ဝယ်ယူ၍ လက်ဆောင်ပေးကြတယ်။ တချို့က ချင်းပြားနှပ်ဆိုတာကို မသိကြဘူး။ စားဖူးအောင်စားလိုက်သည့်အခါမှ အရသာရှိတာသိသွားပြီး အကြိုက်တွေ့လာတယ်။

**မေး။ ။ ချင်းပြားနှပ် ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းတွေ ဘယ်လို မှာယူခဲ့ရတယ်။ ချင်းတက်တစ်ပိဿာကို ဘယ်ဈေးနဲ့ဝယ်ခဲ့ရတယ်ဆိုတာလဲ ပြောပြပေးပါ။**

ဖြေ။ ။ ချင်းပြားနှပ် ထုတ်လုပ်ဖို့ရာအတွက် ရှမ်းပြည်နယ်အောင်ပန်းဒေသထွက် ချင်းတက်အစိမ်းကို မှာယူခဲ့ပါတယ်။ လုပ်ငန်းစတင်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က ချင်းတက်တစ်ပိဿာကို ငွေကျပ် ၃၅၀ နဲ့ဝယ်ရပါတယ်။

> **ရေဦးမြို့နယ်တွင်း သာမက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကချင်ပြည်နယ်မြို့တွေအထိ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာမှာ မန္တလေးမြို့က အများဆုံးဖြန့်ဖြူးပို့ဆောင်ရောင်းချတဲ့မြို့လည်း ဖြစ်ပါတယ်။ ရောင်းချနေတဲ့ဈေးနှုန်းကတော့ ကုန်ကြမ်းဝယ်ယူရရှိမှုအပေါ်မှာပဲ မူတည်တယ်**

**မေး။ ။ ချင်းပြားနှပ်ထုတ်လုပ်ပုံအဆင့်ဆင့်လေးကိုလည်း မျှဝေပေးပါလား။**

ဖြေ။ ။ ချင်းပြားနှပ်ထုတ်လုပ်နိုင်ဖို့အတွက် ပထမဆုံး ချင်းတွေကို အိတ်ထဲမှ အပြင်ထုတ်ပြီး ချင်းတက်အကြီး၊ အလတ်၊ အသေးခွဲထုတ်ရတယ်။ ချင်းစိမ်းကို သဲ၊ ဖုန် ရွံ့ စတာတွေ ကုန်စင်သည်အထိ သန့်ရှင်းစင်ကြယ်စေရန် ရေအင်တုံထဲထည့် သုံးကြိမ်ထက်မနည်းရေအထပ်ထပ် ပွတ်သပ်ဆေးကြောပေးရတယ်။ သန့်ရှင်းပြီးဖွေးလာသည့် ချင်းစိမ်းတွေကို ဆန်ခါနဲ့ ဆယ်ရေစစ်ထားပြီးမှ ချင်းပြားထုတ်စက်ထဲမှာ ထည့်လိုက်တယ်။ ထွက်လာတဲ့ ချင်းပြားတွေကို ရေတစ်ဖန် ထပ်ဆေးပေးရတယ်။ ရေကလည်း အဓိကကျပါတယ်။ ရေသန့်နဲ့ဆေးရင် ချင်း(ဂျင်း)ပြားက ဖွေးပြီးလှလာတယ်။ ချင်းပြားတစ်ပိဿာကို ရှာလကာရည်တစ်ပိဿာ ၂၅ ကျပ်သားနဲ့ ဆား၊ ဟင်းခပ်အချိုမှုန့် သင့်ရုံထည့်နယ်ပြီး စဉ့်အိုးတွင်း ရေမြုပ်သည်အထိထည့်ကာ လေလုံအောင်ဖုံးအုပ်နှပ်ထားလိုက်တယ်။ နှပ်ပြီး ၂၄ နာရီပြည့်လျှင် ချင်းပြားစားသုံးလို့ရပါပြီ။ တစ်ပတ်ခန့် နှပ်ထားရင်တော့ ချင်းပြားကပိုကောင်းတယ်။ ကြာရှည်အထားခံတယ်။ ချင်းပြားကို ရေခဲသေတ္တာထဲမှာ ထည့်ထားရင် အနည်းဆုံးတစ်လအများဆုံး ငါးလခန့်အထိကြာရှည်ခံထား စားသုံးလို့ရပါတယ်။ ဓာတုဆိုးဆေး ချွတ်ဆေးလုံးဝမသုံးပါဘူး။ ကြာရှည်အထားခံပြီး အရသာလည်း ကောင်းမွန်တော့ လူကြိုက်များလာကြတယ်။

**မေး။ ။ ချင်းပြားကို ဈေးကွက်မှာ လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတယ်ဆိုတော့ ပြည်တွင်း ဘယ်မြို့တွေထိ ဖြန့်နေတယ်။ ဖြန့်ဖြူးရောင်းချပေးတဲ့ ဈေးနှုန်းလေးတွေရယ် သိပါရစေ။**

ဖြေ။ ။ ယခင် ၂၀၁၉ ကိုဗစ်ကာလမတိုင်မီက ရေဦးမြို့နယ်တွင်းသာမက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကချင်ပြည်နယ်မြို့တွေအထိ ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိရာမှာ မန္တလေးမြို့က အများဆုံးဖြန့်ဖြူးပို့ဆောင်ရောင်းချတဲ့မြို့လည်း ဖြစ်ပါတယ်။ ရောင်းချနေတဲ့ဈေးနှုန်းကတော့ ကုန်ကြမ်းဝယ်ယူရရှိမှုအပေါ်မှာပဲ မူတည်တယ်။ ယခင်က ချင်းတက်တစ်ပိဿာ ငွေကျပ် ၃၅၀ နှုန်းပေး ဝယ်ယူခဲ့စဉ်က ချင်းပြားနှပ်တစ်ပိဿာ ငွေကျပ် ၂၀၀၀ နဲ့ ရောင်းပါတယ်။ အခုချင်းတက်အစိမ်း တစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ၃၀၀၀၊ ချင်းပြားနှပ် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပါတယ်။ ချင်းတက်အစိမ်းတစ်ပိဿာကိုထိုး(လှီး)ရင် ချင်းပြား ငါးဆယ်ကျပ်သားပဲ ထွက်ပါတယ်။ ယခင်က တစ်ရက်ဖြန့်ဖြူးရောင်းချနိုင်ခဲ့တဲ့ ချင်းပြားနှပ် ပိဿာချိန် တစ်ရာခန့် ရောင်းရပါတယ်။ အခုအချိန်မှာတော့ ကုန်ဈေးနှုန်းက အစစအရာရာကြီးမြင့်နေသလို လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲနေမှုကတစ်ကြောင်း၊ ဒေသအခြေအနေက မတည်ငြိမ်သေးတာကတစ်ကြောင်း၊ သွားလာဖို့အချိန်ကာလ မလုံလောက်တာတွေကြောင့် တစ်ရက်မှ ပိဿာချိန် ၅၀ ပဲဖြန့်ဖြူးရောင်းချနိုင်ပါတယ်။

**မေး။ ။ ယခုလို ချင်းပြားနှပ်လုပ်ငန်းဖြင့် လူမှုစီးပွားတိုးတက်လာဖို့ ဘယ်လိုကြိုးစားလုပ်ကိုင် ရပ်တည်ခဲ့ရတယ်ဆိုတဲ့ ဘဝအတွေ့အကြုံရယ်၊ ဈေးကွက်မှာ နာမည်ရဖို့ ကြိုးစားအားထုတ်ခဲ့ရပုံနဲ့ အောင်မြင်မှုရရှိခဲ့ပုံလေးကိုလည်း အနည်းငယ်ပြောပြပေးပါ။**

ဖြေ။ ။ ချင်းပြားနှပ်က ခုမှနာမည်ရလာတာပါ။ ဘဝရပ်တည်မှုကို ပြောရရင်တော့ လက်လုပ်လက်စားဘဝကနေ စတင်ခဲ့ရပါတယ်၊ မုန့်တီ၊ အစုံသုပ် ရောင်းတယ်။ ချင်းထိုးတယ်၊ ကုန်စုံဆိုင်မှာ အငှားဈေးရောင်း အလုပ်ဝင်လုပ်ခဲ့တယ်။ ရတဲ့လုပ်အားခ တစ်ဝက်ကို ဆုပြီး ကျန်တစ်ဝက်ကို မိဘထံအပ်ခဲ့တယ်။ စုဆောင်းထားတဲ့ ငွေလေးနဲ့ မတည်လုပ်ကိုင်ရင်း အခုလို အောင်မြင်ခဲ့တာပါ။ ဘယ်အရာမှ ကြိုးစားမှုမှတ်တမ်းမရှိဘဲ အောင်မြင်မှုပန်းတိုင်ဆီ မရောက်နိုင်ပါဘူး။ အဓိကကတော့ ဇွဲ၊ လုံ့လ၊ ဝီရိယရှိဖို့ရယ်၊ စားသုံးသူတွေအပေါ် စေတနာထားတတ်ဖို့ပါ။ စေတနာကောင်းလျှင် ကံကောင်းတယ်ပြောရမှာပါ။ အောင်မြင်ချင်လျှင် တကယ်ကြိုးစားပါ။ ။



ဆန်ခါဖြင့် စစ်ထားသော ချင်းစိမ်းများ။



စဉ့်အိုးအတွင်း ရေစိမ်ထားသော ချင်းတက်များ။




# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂



(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ဒုတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မင်္ဂလာဒုံမြို့နယ်ရှိ Dagon City Golf Resort ၌ ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) နှင့် ညီနောင်လေကြောင်းလိုင်းဖြစ်သည့် Mingalar လေကြောင်းလိုင်းမှ ဂေါက်သီးရိုက်ကစားသမားများ၊ မြန်မာနိုင်ငံအတွင်းရှိ လေကြောင်းလိုင်းများမှ ဂေါက်သီးရိုက် အားကစားသမားများ၊ လေကြောင်းလိုင်းနှင့် ဆက်စပ်လျက်ရှိသည့် ဌာနအသီးသီးမှ ဂေါက်သီးရိုက် အားကစားသမား စုစုပေါင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာ စားပွဲကို Dagon City Golf Resort ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအတွင်း Nearest Pin ဆုရရှိသူ နှစ်ဦး၊ Nearest Line နှင့် Longest Drive ဆုရရှိသူ နှစ်ဦး၊ အသင်းလိုက်ဆုရရှိသည့် အသင်းလေးသင်းမှ အားကစားသမား ၁၆ ဦးတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ပြည်ထောင်စုနေ့ဂုဏ်ပြု ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပပြီး ယခုနှစ်တွင် ထပ်မံ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကိုညီလေး
ဓာတ်ပုံ – သော်ကြီး

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ၂၀၂၄ ခုနှစ် ရွှေနဂါးနှစ် အထိမ်းအမှတ် တရုတ်-မြန်မာ ချစ်ကြည်ရေးအမျိုးသားအလွှတ်တန်း စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၂၄ ခုနှစ် ရွှေနဂါးနှစ် နွေဦးပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် တရုတ် – မြန်မာ ချစ်ကြည်ရေး အမျိုးသားအလွှတ်တန်းစားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ထံမှ သိရသည်။

ဖိတ်ခေါ်ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်း (၁) ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ကစားသမား စုစုပေါင်း ၁၂၈ ဦး ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုင်ငံတကာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် စားပွဲတင်တင်းနစ်ကို လူအများစိတ်ဝင်စားမှု ပိုမိုရှိလာပြီး မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။ ကျွမ်းကျင်သော နိုင်ငံ့အားကစားသမားများ၏ ကစားဟန်နှင့် နည်းစနစ်ကောင်းများကို လူငယ်ကစားသမားများ လေ့လာသိရှိလာစေရန်ဖြစ်ကြောင်း အဖွဲ့ချုပ်ထံမှ သိရသည်။

မျိုးမင်းသူရ

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၂ – ၂ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၇၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၃၅ | ၁၁၆၇၉၀၀ |
| MTSH | ၂၉၅၀ | ၂၈၅၀ | ၁၀၈၄၉၆ | ၂၈၉၂၆၅၁၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၄ | ၁၁၁၅၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၉၈ | ၁၆၅၂၂၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁ | ၂၅၀၀ |
| EFR | ၁၈၅၀ | ၁၉၀၀ | ၄၁၀ | ၇၅၉၀၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၂၁ | ၁၀၀၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၃၃၇၉ | ၅၈၂၂၆၅၀ |

# ထိန်းသိမ်းကာကွယ် သစ်ပင်သစ်တော ပြုန်းတီးမှုအန္တရာယ်

ဟန်

ယဉ်ကျေးမှုစတင်သည့် အချိန်မှစ၍ လူသားတို့သည့် သစ်တောသယံဇာတများကို အသုံးချခဲ့ကြပြီး လူဦးရေနည်းပါးစဉ်ဖြစ်၍ သစ်တောထွက်ပစ္စည်းများကို လေနှင့်ရေတို့ကဲ့သို့ သုံးမကုန်နိုင်သော သဘာဝပစ္စည်းများဟု မှတ်ယူသုံးစွဲခဲ့ကြပေမည်။ သို့ရာတွင် ယဉ်ကျေးမှု အဆင့်အတန်း တဖြည်းဖြည်း မြင့်မားလာသည့် နည်းတူ လူဦးရေမှာလည်း တိုးပွားလာသည်ဖြစ်ရာ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲလိုမှုသည်လည်း မြင့်တက်လာခဲ့ပေသည်။ ထို့ကြောင့်ပင် သဘာဝ သစ်တောကြီးများ တဖြည်းဖြည်း ပျက်စီးပြုန်းတီးလာခဲ့ရာမှ လူသားတို့အတွက် အဓိက စားဝတ်နေရေးကို အထောက်အပံ့ အကာအကွယ်ပြုနေသည့် သစ်တောသယံဇာတများ ရှားပါးလာခြင်းနှင့်အတူ ရာသီဥတုဖောက်ပြန်ယိုယွင်းမှုများသည် လက်ရှိလူသားတို့အား ခြိမ်းခြောက်လာခဲ့ပေသည်။

## မြန်မာနိုင်ငံနှင့် သစ်တောဧရိယာ

သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများသည် ကဏ္ဍစုံတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းရရှိနိုင်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေသည်။

ရေမြေတောတောင် သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများ ပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုကို ပြန်လည်လေ့လာပါက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသောကြောင့် တဖြည်းဖြည်းနှင့် ပိုမိုပျက်စီးလာသည်ကို တွေ့ရှိရသည်။ သစ်တောများ ပြုန်းတီးလာပါက ရာသီဥတု ပြင်းထန်ဆိုးရွားလာပြီး မြစ်၊ ချောင်း၊ ရေကန်များ ညစ်ညမ်းလာကာ ရေချိုများ ခန်းခြောက်လာသည်ကို တွေ့ရှိရမည်။ ထို့ပြင် မြေဆီလွှာများ ပျက်စီးပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်လာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်ခြင်း အစရှိသည့် ဆိုးကျိုးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကို လူတို့ သတိပြုမိခဲ့ကြမည်ဖြစ်သည်။

## ပူးပေါင်းပါဝင် ဆောင်ရွက်မှု ဖွံ့ဖြိုးစေခြင်း

ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင် ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေကြရပြီဖြစ်သဖြင့် သစ်တောများ မပြုန်းတီးရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်ရန် လိုအပ်နေပြီ ဖြစ်သည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးလာသော သစ်တောသိပ္ပံပညာရပ်များဖြင့် သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ကမ္ဘာနှင့်အဝန်း နည်းလမ်းများ ရှာဖွေကြံဆလျက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်ယူသုံးစွဲမှုများမှ ကာကွယ်ရန်အတွက် ဥပဒေများ ထုတ်ပြန် ပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း၊ ထိရောက်သော ထုတ်လုပ်အသုံးချမှုဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးနှင့်သစ်တောများပြန်လည်ထူထောင်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုကို တားဆီးနိုင်ရန်နှင့် သဘာဝတောများကို ကူညီအားဖြည့်ရန် တောနိမ့်၊ တောပျက်များအား ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ပျက်စီးပြုန်းတီးလျက်ရှိသော သစ်တောနယ်မြေများတွင် သစ်တောစိုက်ခင်းအသစ်များ တည်ထောင်ခြင်းကိုလည်း အဓိက လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ပုဂ္ဂလိကပူးပေါင်းမှု တိုးတက် ပါဝင်လာစေရန်အတွက် ၂၀၀၆ ခုနှစ်မှ စတင်၍ ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများ စတင်ခဲ့ပါသည်။ ဒေသခံပြည်သူများ၏ အခြေခံ လိုအပ်ချက်များအား ဖြည့်ဆည်းရန်နှင့် အဆင့်အတန်းနိမ့်ကျနေသည့် တောများကို ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းဖြင့် ပြန်လည်ထူထောင်ရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောသည် ဒေသခံပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောများ ပြန်လည်ထူထောင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

## စီမံကိန်းများချမှတ်ဆောင်ရွက်

နိုင်ငံ၏ အဖိုးတန်သစ်တော သယံဇာတများ ရေရှည်တည်တံ့ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ရန်အတွက် ချမှတ်ထားသည့် မြန်မာ့သစ်တောမူဝါဒကို အခြေခံပြီး သစ်တောများကို စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် အစရှိသည့် အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့် ရှုမြင်ပြီး စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကမ္ဘာ့သစ်တော ပြုန်းတီးမှု အများဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေသည့် မြန်မာနိုင်ငံ၏ သစ်တောများ ပြန်လည်ထူထောင်နိုင်ရေးနှင့် နိုင်ငံ၏ အဖိုးတန်သဘာဝတောများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်များ ပြန်လည်ပြုစုထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ၁၀ နှစ်တာ ကာလစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သစ်တောများ ပြန်လည်ထူထောင်ရေး စီမံကိန်းကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၁၀ နှစ်တာ ရေးဆွဲထားသည့် အဆိုပါ စီမံကိန်း၌ ပထမငါးနှစ် စီမံကိန်းကို ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၁ ဘဏ္ဍာနှစ်အထိ၊ ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၆ ဘဏ္ဍာနှစ်အထိ ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၁ သို့



မြန်မာနိုင်ငံ၌ သစ်ပင်သစ်တောများ ဖုံးလွှမ်းနေမှုကို တွေ့ရစဉ်။

- နိုင်ငံ၏ အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ရန်အတွက် ချမှတ်ထားသည့် မြန်မာ့သစ်တောမူဝါဒကို အခြေခံပြီး သစ်တောများကို စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် အစရှိသည့် အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့် ရှုမြင်ပြီး စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်သွားကြရမည်
- ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေကြရပြီဖြစ်သဖြင့် သစ်တောများ မပြုန်းတီးရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်ရန်လိုအပ်



သစ်ပင်၏ လုံးပတ်ကို တိုင်းတာနေစဉ်။





Photo – Carbon Herald



Photo – shuttlestock

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့ရှောင်လမ်းဆောင်ရွက်ထားရှိမှုနှင့် အထင်ကရနောင်တုံကန်၊ ကျိုင်းတုံဟော်နန်းသို့ သွားရောက်ကြည့်ရှု

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၀ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှောင်လမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက ကျိုင်းတုံမြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပြီး ဆောင်ရွက်ပြီးစီးသော လမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ အထင်ကရနောင်တုံကန်ဆောင်ရွက် ပြီးစီးမှုကို သွားရောက်ကြည့်ရှုရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးဌာနခွဲတာဝန်ခံ ဦးစိုးနိုင်ဦးက ကန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ပြီး ကျိုင်းတုံမြို့ရှိ ဟော်နန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စတုတ္ထအကြိမ်မြောက် လားဟူတိုင်းရင်းသား စုပေါင်း နှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့နယ် မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လားဟူတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းအားဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်သာမက လက်ဆင့်ကမ်းအမွေအဖြစ် ခံယူထိုက်စေရန်နှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း၊ လားဟူတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေခြင်း ဖြစ်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပြီး အစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စတုတ္ထအကြိမ်မြောက် လားဟူးတိုင်းရင်းသား စုပေါင်း နှစ်သစ်ကူးပွဲတော်အတွက် အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ပေးအပ်ရာ လားဟူတိုင်းရင်းသား ခေါင်းဆောင် ဦးလုကာက လက်ခံယူပြီး နှစ်သစ်ကူးဂါရဝလက်ဆောင်များ ပြန်လည်ပေးအပ်ပြီး ဧည့်သည်တော်များအား လားဟူရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လားဟူတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်လှစ်

**မလှိုင် ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ကျပ်ဆည်ကျေးရွာအုပ်စု ဆပ်ခင်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်ဆေးခန်းကို ဖွင့်လှစ်ပေးရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ဒေသခံပြည်သူများအား နိုင်ငံတော်၏ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အလျား ၄၁ ပေ ၊ အနံ ၂၉ ပေရှိ အာရ်စီတစ်ထပ် ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် အလျား ၃၈ ပေ၊ အနံ ၂၅ ပေ နှစ်ခန်းတွဲ အာရ်စီတစ်ထပ်စံကိုက် ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၄၂ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက် ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ကျပ်ဆည်ကျေးရွာအုပ်စုနှင့် အုပ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို ယခင်ကထက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

# ကျောက်ဆည်ခရိုင်၌ ဆောင်းဆီထွက်သီးနှံစိုက်ပျိုး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စားသုံးဆီဖူလုံပို့လျှံရေး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှမ်း၊ မြေပဲ၊ နေကြာ စသည့် ဆောင်းရာသီဆီထွက်သီးနှံများစိုက်ပျိုးထားရာ ၃၉၀၉၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် ဆောင်းနှမ်းသီးနှံ ၁၀၃၆၂ ဧက၊ ဆောင်းမြေပဲ ၁၁၅၆ ဧက၊ ဆောင်းနေကြာ ၂၇၅၈၁ စုစုပေါင်းဆီထွက်သီးနှံ ၃၉၀၉၉ ဧကစိုက်ပျိုးပြီးကြောင်းနှင့် မိုးရာတွင် မိုးနှမ်း ၆၇၈၃ ဧက၊ မိုးမြေပဲဧက ၁၁၅၀ ၊ မိုးနေကြာ ၆၅၆၇ ဧက စုစုပေါင်းဧက ၁၄၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရပြီး ဆီထွက် သီးနှံများအောင်မြင်ရေးနှင့် အထွက်နှုန်းတိုးပွားရေးအတွက် သက်ဆိုင်ရာဌာနများက ဆီထွက်သီးနှံစိုက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဆိုးရွားသော ရာသီဥတုအခြေအနေရှိသည့် အပူပိုင်းဒေသတွင် သစ်ပင်များ အလွန်အကျွံခုတ်ခြင်းနှင့် သဘာဝတောများ ရှင်းလင်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် သဲကန္တာရဖြစ်ထွန်းမှုမှ ကာကွယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးကြီးသည့် ရေရရှိရန် သစ်တောများမှ ထိန်းချုပ်ပေးသည့်အတွက် ဆည်များ၏ ရေဝေရေလဲ ဧရိယာများအား ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောများပျက်စီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းကို ဖြစ်ပေါ်စေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို တည်ငြိမ်စေရန် နိုင်ငံအဆင့် ကဏ္ဍပေါင်းစုံ ပါဝင်သော ကုန်းမြင့်ဒေသများ ပြန်လည်ဖော်ယူခြင်း အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောပြုန်းတီးမှု လျှော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးတို့အတွက် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့်

- ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ပြီး သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်းနှင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း၊
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ပြီး ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးထိန်းသိမ်းပြုစုခြင်း၊
- ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြစ်သည့် မြန်မာ့ရွေးချယ်စနစ် (Myanmar Selection System–MSS)ကို ကျင့်သုံးပြီး ကျွန်းနှင့်သစ်မာများ ထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက်(Annual Allowable Cut–AAC ) ပမာဏထက် လျော့နည်းပြီး ထုတ်ယူခဲ့ခြင်း၊
- မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇) ကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊
- တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည် တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) အကောင်အထည်ဖော်ခြင်း၊
- အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျ အစီအစဉ် ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊
- ပြည်သူဗဟိုပြုသစ်တောလုပ်ငန်းတစ်ခုဖြစ်သော ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (Community Forestry–CF) ကို နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း လျာထားချက်နှင့်အညီ ဧရိယာ ဧက ၂ ဒသမ ၂၇ သန်း တည်ထောင်နိုင်ရေး စနစ်တကျ တည်ထောင်ဆောင်ရွက်လျက်ရှိခြင်း၊
- သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (REDD+) ကို နိုင်ငံအဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း အစရှိသော လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုယန္တရားများ၏ အရေးပါမှု**

နိုင်ငံများအကြား ပူးပေါင်းချိတ်ဆက်မှုများ ဆောင်ရွက်ရာတွင် နိုင်ငံများ၏ တည်နေရာနှင့် နယ်နိမိတ်ထိစပ်မှုတို့သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပထဝီရေမြေ ဆက်စပ်တည်ရှိနေသော ဒေသတွင်းနိုင်ငံများသည် ပိုမိုနီးစပ်သော လူနေမှုဘဝနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်နှင့် ဂေဟစနစ်များကို မျှဝေဖြစ်တည် သုံးစွဲလျက်ရှိကြသည်ဖြစ်ရာ ပိုမိုရင်းနှီးသော အိမ်နီးချင်းနိုင်ငံ ဆက်ဆံရေးထူထောင်ခြင်းဖြင့် ကောင်းမွန်သည့်ဆက်နွှယ်မှုကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ထိုကဲ့သို့ ဒေသတွင်းနိုင်ငံများအကြား ရှိနှင့်ပြီးဖြစ်သည့် ရင်းနှီးသော ဆက်ဆံရေးအပေါ်တွင် အခြေပြု၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုယန္တရားများ တည်ထောင်ကာ ဒေသတွင်း ပေါင်းစည်းမှုစွမ်းအားဖြင့် ကြုံတွေ့လာနိုင်သော မမျှော်မှန်းနိုင်သော စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိကြသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်းအားဖြင့် ဒေသတွင်း နိုင်ငံများအကြားငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း၊ အပြန်အလှန် နားလည်မှု၊ လေးစားယုံကြည်မှုများ တိုးပွားလာစေခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများ၏အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာသဖြင့် ရင်းနှီးဆက်နွှယ်မှုများ ပိုမိုတိုးပွားလာစေပြီး နည်းပညာ၊ ဗဟုသုတနှင့် အကျိုးစီးပွားများ ပိုမိုမျှဝေနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation–MLC) သည် သိသာထင်ရှားသော ရလဒ်များနှင့် အရှိန်အဟုန်မြှင့် လက်တွေ့ကျကျလည်ပတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြမည်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများ မြို့နယ်များ၌ကျင်းပ

ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံမှ ပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက ဖတ်ကြားစဉ်။ ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)





မန္တလေးတိုင်း ဒေသကြီး ငါန်းဇွန်မြို့နယ် လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ် ရဲတပ်ဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပစဉ်။ သက်နောင်ဦး(ငါန်းဇွန်)

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သဃ်န်းကျွန်း ပညာရေး ဒီဂရီကောလိပ်၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးက ဖတ်ကြားစဉ်။ တင်ကြည်(သဃ်န်းကျွန်း)





## တာချီလိတ်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကလပ်ပေါင်းစုံ (အလွတ်တန်း) ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ(အလွတ်တန်း) ဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၃ နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် စပါး FC အသင်းက PL AKHA အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။ ယင်းနောက် ဆုပေးပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုများ အပါအဝင် ပထမဆု၊ ဒုတိယဆုရရှိသောအသင်းမှ တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားကို ဂုဏ်ပြုချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ယှဉ်ပြိုင်ကစားကြသည်။ **ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများ၏ အားကစားကွင်းများ၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ အားကစားပြိုင်ပွဲများတွင် ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများမှ အားကစားဝါသနာရှင်များနှင့် ကျောင်းသားကျောင်းသူလေးများက ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲစသည့် ပြိုင်ပွဲများကို ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲ၌ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

## ကလပ်ပေါင်းစုံ ချန်ပီယံရှစ်ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကလပ်ပေါင်းစုံကြက်တောင်ပြိုင်ပွဲ ချန်ပီယံရှစ်(Inter Club Badminton Championship 2024) ပြိုင်ပွဲဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။ ဗိုလ်လုပွဲပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ Aung(A)အသင်း၊ ဒုတိယဆုရ HPP အသင်း၊ ပူးတွဲတတိယဆုရ Champion(A) အသင်းနှင့် Aung(B) အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ပိုင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ပွဲစဉ်ပေါင်း ၂၈ပွဲ၊ အသင်း ရှစ်သင်း၊ ကလပ်များမှ အားကစားသမား ၁၆၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri-culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma - Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma - Farm Machinery) သင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့(Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက-ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက-ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက-တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | သဃ်ာန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတဝ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက-နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၄၄၃၄၊ ၀၆၇-၈၁၀၄၄၃၃
Email Address - accm@accm.gov.mm ၊
Website Address - http://www.accm.gov.mm



## ပခုက္ကူတက္ကသိုလ်၌ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အထူးပြုဘာသာရပ်ပေါင်းစုံဈေးရောင်းပွဲတော်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄ ခုနှစ်၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထူးပြုဘာသာရပ် ပေါင်းစုံ ဈေးရောင်းပွဲတော်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဈေးရောင်းပွဲတော် ကျင်းပပေးခြင်းဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားကာ ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူ အားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် အနာဂတ်အတွက် အကြံဉာဏ်၊ အတွေးအခေါ်ကောင်းများ ရရှိစေခြင်း၊ ဘာသာရပ်ဌာနအလိုက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ခင်းကျင်းရောင်းချလာနိုင်စေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနပါမောက္ခ(ဌာနမှူး)များက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဘာသာရပ်ဌာနများအလိုက် စားသောက်ဆိုင်ခန်းနှင့် ပြခန်းများ၌ ဈေးရောင်းခြင်းနှင့် စတုဒိသာကျွေးမွေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ကာယအလှမယ်ပြိုင်ပွဲ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဘာမီသာ(ပခုက္ကူ)**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးအောင်၏သား ဦးသူရဇော် ၈/ဆပဝ(နိုင်)၁၂၃၂၁၁၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၂၉၈၂၄၀



ရာဇာဇော်ဝင်း

(LL.B) WIPO,DL-101 Switzerland

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ် (၆၄-ခဲစင်း)၊ ၆၃x၆၄လမ်း၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လှ ၉/မမန(နိုင်)၀၄၀၁၇၂ ၏ (SPရရှိသူ ဦးထွေးလေး(ခ)ဦးဝင်းထွန်းအောင်) က အမှုတွဲအမှတ် ၇၁၅၀/၂၀၂၃-၂၀၂၄ ဖြင့် / သက်တမ်းတိုး / ဦးပိုင်ခွဲ လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ် (၁၅၈-ခဲစင်း)၊ ၅၇x၅၈လမ်း၊ ၃၂x၃၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်နုလှိုင်၏ (GP ရရှိသူ ဒေါ်အေးမြသန္တာစိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၇၇/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်ငြိမ်း ၁၃/ရစန(နိုင်)၀၄၀၆၉၆ က အမှုတွဲအမှတ် ၇၁၅၇/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ် (၆၄-ခဲစင်း)၊ ၆၃x၆၄ လမ်း၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လှ ၉/မမန(နိုင်)၀၄၀၁၇၂ ၏(SPရရှိသူ ဦးထွေးလေး(ခ)ဦးဝင်းထွန်းအောင်) က အမှုတွဲအမှတ် ၇၁၄၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၈၃)/၇၂x၇၃ကြား၊ စိန်ပန်းလမ်းနှင့်မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင် (ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၈၂)/၇၂x၇၃ကြား၊ စိန်ပန်းလမ်းနှင့်မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင်(ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၈၁)/၇၂x၇၃ကြား၊ စိန်ပန်းလမ်းနှင့်မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင်(ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၆၅)/၇၂x၇၃ကြား၊ စိန်ပန်းလမ်းနှင့်မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင်(ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၈၅)/၇၂x၇၃ကြား၊ စိန်ပန်းလမ်းနှင့်မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင် (ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၈)၊ ဦးပိုင်အမှတ် (၈၆)/၅၁x၅၂ကြား၊ မြတ်လေးxပိတ်တောက်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း ၉/မနမ(နိုင်)၀၅၈၅၀၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၀၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီဂီအုန်း ၁၃/မဆတ(နိုင်)၀၂၉၄၁၇ က ငွေရပြေစာမူရင်း(၂)စောင်မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ် (၄)/၁၀၃လမ်း၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်စိုး ၉/မကန(နိုင်)၀၅၁၄၂၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

